“မြစ်ကြီးနားအကျဉ်းထောင်မှာ
အမျိုးသမီးတွေက စာကြည့်တိုက်လည်း သွားခွင့်မရဘူး၊
အမျိုးသားတွေက သွားခွင့်ရတယ်။
အမျိုးသမီး အကျဉ်းထောင်တွေထဲမှာ စာကြည့်တိုက်ကို
သွားခွင့်ရအောင် ဆက်ပြီး အရေးဆိုဖို့အတွက်ကို စဉ်းစားထားတယ်”

စာ .. ၁၀-၁၁ သို့ »

## ကချင်စစ်ဘေးရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး နေပြည်တော်တွင် ဆွေးနွေး

စာ .. ၃ သို့ »

## နိုင်ငံတော်မှ ချပေးတော့မည့် လက်လုပ်လက်စား ကျောက်မျက်ရတနာ လုပ်ကွက်များကို ဒေသခံများ စိတ်ဝင်စားမှုမရှိဟု ဆို

စာ .. ၇ သို့ »


# မြစ်ကြီးနားသတင်း ဂျာနယ် ®

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၁၃) | “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” | ( ဧပြီ ၂၉ ၊ ၂၀၁၉ )

EVERY MONDAY | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal


# ဧရာဝတီကို

## ပြန်ရွေးယူကြမယ်


စာ .. ၁၅ သို့ »

“ဧရာဝတီ တသွင်သွင်
အစဉ်အမြဲ စီးဆင်းနေစေဖို့ဆိုတာ
ကျွန်မနှလုံးသားနဲ့ သိပ်နီးစပ်တဲ့
အရေးတစ်ခုပဲ ဖြစ်တယ်”




၂၀၁၇-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
၂၀၁၅-၂၀၁၆ ခုနှစ်အတွက်
"ရတနာပုံ" ပညာရေးဆိုင်ရာ ထူးချွန်ဆု
ELC
PRIVATE HIGH SCHOOL
Mandalay
ELC
ကိုယ်ပိုင်အထက်တန်းကျောင်း မန္တလေး
၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ
ဘာသာစုံဂုဏ်ထူးရှင် နှင့် (၅)ဘာသာ ဂုဏ်ထူးရှင်များ
6D ပြည့်သဲမွန်ဖူး မနတ-၁၅၅၂ (မန္တလေး)
6D ယုကလျာ မနတ-၁၅၇၇ (သပိတ်ကျင်း)
6D အိမွန်မြို့ မနတ-၁၅၅၇ (မန္တလေး)
6D ဝေယံကျော် မနတ-၁၅၀၁ (မန္တလေး)
5D မင်းခန့်ကျော် မနတ-၁၅၀၃ (ကန့်ဘလူ)
5D အောင်မျိုးကျော် မနတ-၁၅၀၉ (ကျောက်ဆည်)
5D ထားမြတ်စန္ဒီအောင် မနတ-၁၅၉၈ (တောင်ကြီး)
5D ထက်ရွှေစင်ဝင်း မနတ-၁၅၈၂ (မန္တလေး)
ဖြေဆိုသူ ၁၆၈ ဦး
အောင်မြင်သူ ၁၅၃ ဦး
ဂုဏ်ထူးဖြင့်အောင်မြင်သူ ၆၈ ဦး
ရိုးရိုးအောင်မြင်သူ ၈၅ ဦး
ခြောက်ဘာသာဂုဏ်ထူးရှင် - ၄ ဦး
ငါးဘာသာဂုဏ်ထူးရှင် - ၄ ဦး
လေးဘာသာဂုဏ်ထူးရှင် - ၁၃ ဦး
သုံးဘာသာဂုဏ်ထူးရှင် - ၉ ဦး
နှစ်ဘာသာဂုဏ်ထူးရှင် - ၁၆ ဦး
တစ်ဘာသာဂုဏ်ထူးရှင် - ၂၂ ဦး
မြန်မာစာ ၈ ဦး
အင်္ဂလိပ်စာ ၇ ဦး
သင်္ချာ ၄၇ ဦး
ဓာတု ၄၅ ဦး
ရူပ ၃၃ ဦး
ဇီဝ ၃၁ ဦး
ဘောဂ ၆ ဦး
အောင်ချက်ရာခိုင်နှုန်း
91.07%
၂၀၁၈ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကချင်ပြည်နယ်မှ ဂုဏ်ထူးရှင်များ
တက္ကသိုလ်ဝင်တန်း ဖွင့်ရက် 2-5-2019
နဝမတန်းဖွင့်ရက် 3-5-2019
၂၀၁၇ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကချင်ပြည်နယ်မှ ဂုဏ်ထူးရှင်များ
ဘာသာစုံဂုဏ်ထူးရှင် မကြည်ကြည်ဝေ မနတ-၁၅၀၈ မြစ်ကြီးနား
အမှတ်(၂၄၁)၊ ၃၁လမ်း၊ ၈၃×၈၄လမ်းကြား၊ မန္တလေးမြို့။ Ph:02-4068091, 02-4073926, 02-4031121


STAR LIGHT
S.T.L
Top
Star Light®
ရေသန့် ရေခဲ
ရပြီ


နိုင်ငံတကာအဆင့်မီ R.O, UV & OZONE SYSTEM
စက်ကြီးများဖြင့် သန့်စင်ထားသော
STAR LIGHT
S.T.L
Top
Star Light®
Purified Drinking Water
LISU STAR GROUP CO., LTD. မှ ထုတ်လုပ်ပါသည်။

# ကချင်စစ်ဘေးရှောင် ပြည်သူများ

## နေရပ်ပြန်နိုင်ရေး နေပြည်တော်တွင် ဆွေးနွေး



ဧပြီ ၂၆

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)နှင့် ကချင်ဒေသစစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC)တို့ သဘောတူညီချက် ၅ ချက်ပါသည့် သဘောထားထုတ်ပြန်ချက်ကို ဧပြီလ ၂၆ရက်နေ့က သဘောထား ထုတ်ပြန်ခဲ့သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)နှင့် ကချင်ဒေသစစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC)တို့သည် ဧပြီ ၂၆ ရက်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ခန်းမတွင် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြပြီး ယခုကဲ့သို့ ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

၁။ IDP များအနေဖြင့် ဂုဏ်သိက္ခာရှိရှိဖြင့် ဘေးကင်းလုံခြုံစွာနေရပ်ပြန်ရေးနှင့် ပြည်လည် နေရာချထားရေးအတွက် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု မူဝါဒနှင့် စံချိန်စံညွှန်းများကို အခြေခံ၍ NRPC က ချမှတ်သည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို KHCC မှ အတူတကွ ပူးပေါင်း ဆောင်ရွက်ရန်။

၂။ IDP များ နေရပ်ပြန်ရေး၊ ပြန်လည် နေရာချထားရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်း (Stakeholder) များအကြားညှိနှိုင်းဆောင်ရွက်မှု အဆင်ပြေချောမွေ့ ပံ့ပိုးကူညီရန်။

၃ ။ IDP များ စားဝတ်နေရေး၊ နေရပ်ပြန်ရေး၊ ပြန်လည်နေရာချထားရေး၊ မူလအသက်မွေးဝမ်းကျောင်းများ ပြန်လည် လုပ်ကိုင်နိုင်ရေးအတွက် KHCC က လိုအပ်သလို ချိတ်ဆက်ညှိနှိုင်းပံ့ပိုးကူညီရန်။

၄။ မိမိနေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေး အလားအလာ ကောင်းမွန်သည့် IDP Camp များ ရွေးချယ်ရေး၊ ရှေ့ပြေးအစီအစဉ် Pilot Program များ ရွေးချယ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်။

၅။ IDP များ နေရပ်ပြန်ရေး၊ ပြန်လည် နေရာချထားရေး ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် KIO/KIA နှင့် ညှိနှိုင်းရန် လိုအပ်သည့်ကိစ္စရပ်များတွင် KHCC က တာဝန်ယူ ဆောင်ရွက်ရန် စသည့် အချက် ၅ ချက်ကို ထုတ်ပြန်ခဲ့ကြခြင်း ဖြစ်သည်။

တွေ့ဆုံပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင်ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

ကချင်ပြည်နယ် စစ်ဘေးရှောင်ပြည်သူများကို ကူညီစောင့်ရှောက်ရေး ကော်မတီ (KHCC)ဘက်တွင် KHCC ဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာခလမ်ဆမ်ဆွန်၊ ဒုတိယ ဥက္ကဋ္ဌ (၁) ဖာသာရ် ပေါလ်အောင်ဒန့်၊ ဒုတိယဥက္ကဋ္ဌ (၂)ဖာသာရ် ဒေါက်တာ ပီတာခါးအောင်တူ၊ ဒုတိယဥက္ကဋ္ဌ (၃) သိက္ခာတော်ရဆရာတော် ကျန်မဂျာတူးဂျန်၊ အတွင်းရေးမှူး သိက္ခာတော် ဆရာတော် ဖော်ယောင်တူးမိုင်၊ ဒုတိယ အတွင်းရေးမှူး (၁)ဖာသာရ် နိုအဲလ်နော်လတ်၊ ဒုတိယ အတွင်းရေးမှူး (၂)သိက္ခာတော်ရဆရာတော် မဂျီဘောက်လာ၊ ဒုတိယအတွင်းရေးမှူး(၃) ဦးဖော်ရမ်ခါးလီ၊ အဖွဲ့ဝင် ဦးအင်ရှန်းဆန်အောင်၊ အကြံပေး ဒေါ်အယ်လ်ဂျာနန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ■

Salai

M7 အဆင့်မြင့် ခန်းဆီးလိုက်ကာ
အိမ်တိုင်ရာရောက် အခမဲ့ ဝန်ဆောင်မှုစနစ်ဖြင့် သပ်ရပ်သေသပ်စွာ
လူကြီးမင်းတို့ စိတ်တိုင်းကျ တပ်ဆင်ပေးနေပါပြီ။
Vertical Blind, Horizontal Blind
လိုက်ကာ ပစ္စည်းအမျိုးမျိုး
အမှတ် (၅၀၃) ၊ ပြည်ထောင်စုလမ်းမကြီး ၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉- ၄၇၀၁၀၉၂၅ ၊ ၀၉- ၂၅၆၂၁၈၀၉၅ ၊ ၀၉-၉၆၀၂၁၃၀၀၄




ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်
အမြတ်ထုတ်မှုများ ဖြစ်ပေါ်ပါက တိုင်ကြားရန်ဖုန်းနံပါတ်များ
၀၆၇-၄၀၄၉၉၉၊ ၀၆၇-၄၀၄၂၂၂



မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေ

**Website Design**
La Tawng,

**Graphic Design, သတင်းစာဒီဇိုင်း**
La Tawng, Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

## နိုင်ငံတော်သမ္မတ၏ ဒုတိယအကြိမ်

# လွတ်ငြိမ်းသက်သာခွင့်တွင် ကချင်လူငယ် ခေါင်းဆောင်နှစ်ဦးလည်း ပါဝင်

ဧပြီ ၂၆

ယမန်နှစ် ဧပြီလအတွင်းက တိုက်ပွဲကြား ပိတ်မိပြည်သူများလွတ်မြောက်လာရေးအတွက် ဆန္ဒပြဦးဆောင်ရာတွင် ကချင်လူငယ် ကိုဇော်ဂျတ်နှင့် ကိုလွမ်းဇောင်းအပါအဝင် မြစ်ကြီးနား အကျဉ်းထောင်မှ ၁၃၀၀ ကျော် သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် ဧပြီလ ၂၆ ရက်နေ့က လွတ်မြောက်လာခဲ့ကြသည်။

နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ နိုင်ငံသား အကျဉ်းသူ/သား ၆၉၄၈ ဦးကို လွတ်ငြိမ်းသက်သာခွင့် ပေးခဲ့ရာ မြစ်ကြီးနား အကျဉ်းထောင်မှ အကျဉ်းသူ/သား ၁၃၆၀ ဦး လွတ်ငြိမ်းခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ပိတ်မိ စစ်ရှောင်ပြည်သူများ လွတ်မြောက်လာရေးအတွက် ဆန္ဒပြဦးဆောင်ခဲ့သူ ကချင်လူငယ် ကိုဇော်ဂျတ်နှင့် ကိုလွမ်းဇောင်းတို့လည်း ပါဝင်ခဲ့သည်။

ပိတ်မိစစ်ရှောင်ပြည်သူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြဦးဆောင်ခဲ့သူ ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်းနှင့်ဒေါ်နန်ပူတို့ကို တပ်မတော်ကို အသေရေဖျက်မှု ပုဒ်မ၅၀၀ ဖြင့် ဒီဇင်ဘာလ ၇ ရက်နေ့က မြစ်ကြီးနားမြို့နယ် တရားရုံးမှ အလုပ်မဲ့ထောင်ဒဏ် ၆ လ နှင့် ငွေဒဏ် ၅ သိန်း ပြစ်ဒဏ်ကျခံရန် အမိန့်ချမှတ်ခဲ့မှုပေါ် အမှုမှန် ပေါ်ပေါက်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဟု ကိုလွမ်းဇောင်းက ပြောသည်။

ဆန္ဒ ထုတ်ဖော်စဉ်က ပြောဆိုမှုများတွင် တပ်မတော်၏ ဂုဏ်သိက္ခာ ထိခိုက်စေမှု ပါဝင်သည်ဟုဆိုကာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒု-ဗိုလ်မှူးကြီး မျိုးမင်းဦးက တရားလိုပြုကာ ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်းနှင့်ဒေါ်နန်ပူတို့သုံးဦးကို အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် အမှုဖွင့် အရေးယူခဲ့ခြင်းလည်း ဖြစ်သည်။



ဎင်းတို့ ၃ ဦးအနက် ဒေါ်နန်ပူသည် ထောင်ဒဏ် ၆ လအနက် ကျန်းမာရေးကောင်းမွန်ခြင်း မရှိသည့်အတွက် ၂ လ လျှော့ရက်ဖြင့် ဧပြီလ ၅ ရက်နေ့ နံနက်ပိုင်းက ပြန်လည်လွတ်မြောက်ခဲ့ပြီး ဖြစ်သည်။

ဎင်းတို့အမှုကို တရားမျှတမှု ရရှိသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်ထောင်စု တရားလွှတ်တော်အထိ ဆက်လက်ကာ ထုချေသွားမည်ဟုလည်း ကိုလွမ်းဇောင်းက ထပ်မံပြောဆိုသည်။

"တရားဥပဒေဘောင်ထဲကနေ တရားမျှတမှုကို ဖော်ဆောင်ဖို့အတွက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ် ဘယ်တော့မှ အလျှော့မပေးဘူး။ ပြည်သူတွေအသက်အိုးအိမ်စည်းစိမ်ကနေ လွတ်မြောက်ဖို့အတွက် နိုင်ငံတော်အစိုးရကို အကူအညီတောင်းတာဖြစ်တယ် ကျွန်တော်တို့ကို ထောင်ချလိုက်တယ်။ ဒါကို ပြန်ကြည့်မယ်ဆိုရင် တပ်မတော်ဘက်က တရားစွဲတယ်။ ဒါပေမဲ့ တရားစီရင်ရေးက လွတ်လပ်တဲ့ တရားစီရင်ရေးအတိုင်းမဆုံးဖြတ်ဘူးလို့ မှတ်ချက်ချရလိမ့်မယ်။ ဒါကြောင့် တရားမျှတမှုရသည်အထိ ကျွန်တော်တို့ ပြည်သူလူထုနဲ့အတူ ဆက်လက်ပြီးမှ တရားဥပဒေဘောင်ထဲကနေ တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်"ဟု ကိုလွမ်းဇောင်းက ပြောသည်။

> **"တရားဥပဒေဘောင်ထဲကနေ တရားမျှတမှုကို ဖော်ဆောင်ဖို့အတွက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ် ဘယ်တော့မှ အလျှော့မပေးဘူး"**

ထိုသို့ ဆောင်ရွက်ရာတွင် ဎင်းတို့၏ အမှုမှန်ပေါ်ပေါက်ရေး ကော်မတီ၏ ဦးဆောင် ဆုံးဖြတ်ချက်အတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အကျဉ်းထောင်ထဲတွင် ပြစ်မှုမမြောက်သည့် အကျဉ်းသားများ ရှိနေသေးသည့်အတွက် နိုင်ငံတော် သမ္မတအနေဖြင့် စိစစ်ကာ အကျဉ်သားများအားလုံး တန်းတူညီမျှအခွင့်အရေး ပေးစေချင်ကြောင်းလည်း ကိုဇော်ဂျတ်က ပြောသည်။

"ကျန်ရှိနေသေးတဲ့ အကျဉ်းသားတွေမှာ ပြစ်မှုမမြောက်တဲ့ အကျဉ်းသားတွေ အများကြီးရှိပါတယ်။ ဒါတွေကိုလည်း နိုင်ငံတော်သမ္မတကနေတစ်ဆင့် စိစစ်ပြီးမှ အကျဉ်းသားတွေအားလုံး ညီတူညီမျှ ခံစားပိုင်ခွင့်ပေးစေချင်တယ်။ ကိုယ်ချင်းလည်းစာတယ်။ ဒီမှာကျွန်တော်တို့ ခြောက်လနေခဲ့ရတဲ့အချိန်မှာ အတွေ့အကြုံတွေ အများကြီးရခဲ့တယ်။ ထောင်ရဲ့အဖြစ်အပျက်တွေ ဘယ်လို ခံစားနေရတဲ့ဆိုတာ မပြောပြတတ်လောက်အောင် သင်ခန်းစာရတယ်" ဟု ကိုဇော်ဂျတ်က ပြောသည်။

သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်တွင် မူးယစ်မှုပုဒ်မ ၁၅၊ ၁၆ တို့ဖြင့်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် အကျဉ်းသူ/သားများ အားလုံးပါဝင်သည်ဟုလည်း ထောင်ဒဏ် ၈ နှစ် ချခံရပြီး တစ်နှစ်ကျော်သာ မြစ်ကြီးနားအကျဉ်းထောင်တွင် နေထိုင်ခဲ့ရပြီး လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည် လွတ်မြောက်လာသူတစ်ဦးက ပြောသည်။

"၁၅၊ ၁၆ နဲ့ လူတွေအကုန်ပါတယ်။ ပုဒ်မ ၁၉ နဲ့ လူတွေကတော့မပါဘူး။ မနေ့ညက လွတ်ငြိမ်းသက်သာခွင့်မှာ ကျွန်တော့်နာမည်ပါတာသိတော့ အိပ်လို့တောင်မပျော်ဘူး။ အရမ်းပျော်ပြီးတော့ နှစ်အကြာကြီးနေရမှာ ဒီလိုလွတ်ငြိမ်းသက်သာနဲ့လွတ်လာတော့ သမ္မတကို ကျေးဇူးအရမ်းတင်တယ် မူးယစ်ဆေးဝါး မပြောနဲ့ ဆေးလိပ်တောင် မသောက်တော့ဘူး"ဟု လွတ်မြောက်လာသူ ကိုစိုးက ပြောသည်။

ယခုလအတွင်း နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်ပေးခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ကို ဧပြီလ ၁၇ ရက်နေ့က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အကျဉ်းသူ/သား ၉၅၃၅ ဦး လွတ်ငြိမ်းသက်သာခွင့် ပေးခဲ့ပြီး မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသူ/သား ၇၈၅ ဦး လွတ်မြောက်ခဲ့ရာ မူးယစ်မှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ တပ်မတော်အက်ဥပဒေဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ လဝက အက်ဥပဒေဖြင့် ပြစ်ဒဏ်ကျခံနေရသူများ ပါဝင်ကြောင်း သိရသည်။ ■

Salai

# နွံကန်များ ထပ်မံမပြိုကျရန် အထူးကြပ်မတ်မည်ဟု ဝန်ကြီးပြော



ဧပြီ ၂၅

**ဖား**ကန့်မြို့နယ်၊ မော်ဝမ်းကြီး ကျေးရွာအနီးတွင် ဧပြီလ ၂၃ ရက်နေ့က နွံကန်ပေါက်ကျမှုနှင့် မြေပြိုမှုများကြောင့် လူပေါင်း ၅၆ ဦး အထိသေဆုံးသွားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ယင်းသို့ နွံကန်ပေါက်ကျမှုကြောင့် နွံကန်အနီး မြန်မာသူရ၊ ချောင်ဘရားသား၊ နဂါးကိုးကောင်နှင့် KNDPC ကုမ္ပဏီဝန်ထမ်းနှင့် စက်ယန္တရားများ ပျက်စီးဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။

"ည ၁၁ နာရီလောက် ညလယ်စာ ကော်ဖီ၊ လက်ဖက်ရည် ခေါက်ဆွဲစားဖို့နားနေတဲ့ အချိန်မှာဖြစ်သွားတာပါ။ သေဆုံးသွားတဲ့ ဝန်ထမ်းတွေရဲ့ ကျန်ရစ်တဲ့ မိသားစုကိုလည်း အကြောင်းကြားထားပြီးပါပြီ"ဟု မြန်မာသူရ ကျောက်မျက် တူးဖော်ရေး ကုမ္ပဏီ ဆိုဒ်တာဝန်ခံက ပြောသည်။

ယင်းသို့ နွံကန်ပေါက်ကျရခြင်းမှာ ကျောက်မိုင်းခွဲမှုကြောင့် တုန်ခါခြင်း၊ မိုးရွာသွန်းခြင်း၊ နွံအိုင်ကို ထိမ်းပိုးထားရသည့် မြေသားများ တဖြည်းဖြည်း နက်သွားခြင်း၊ နွံအိုင်အတွင်း မြေစာစွန့်ပစ်ခြင်း အစရှိသည့် အချက်များကြောင့်ဖြစ်ပြီး နွံအိုင်၏ အနက်မှာ ပေတစ်ရာခန့်ရှိပြီး အကျယ်အားဖြင့် ၃ ဧကခန့်ရှိသည်ဟု ဒေသခံများ၏ ပြောဆိုချက်အရ သိရသည်။

"အဆိုးဝါးဆုံးကတော့ လွန်ခဲ့တဲ့ ငါးနှစ်လောက်က တည်းက မြေစာတွေ ပရမ်းပတာ စွန့်ပစ်ထားခဲ့တာ။ ပြတ်အားပြင်းတဲ့ ယမ်းတွေ အဆုံးပြုကြတော့ မြေလွှာတွေက ပြတ်ကုန်တယ်။ နွံကန်အောက်မှာက မမြင်ရတဲ့ အက်ကွဲကြောင်း ရှိချင်ရှိနေမယ်။ အဲဒါကြောင့် နွံတွေက ကွဲအက်ပြီးတော့ ထိုးဆင်းသွားတာ"ဟု ဖားကန့် ဒေသခံ ကိုမင်းသွင်မှ မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

ဖားကန့် ကျောက်စိမ်းတွင်း ဒေသအတွင်းတွင် နွံကန်ပေါင်း ၁၀ ကန်ထက် မနည်း ရှိသည်ဟု သိရပြီး လက်ရှိ အခြေအနေတွင် မော်စီစာကျေးရွာရှိ နွံကန်သည် စိုးရိမ်ဖွယ်ရာရှိကြောင်း ယင်းကျေးရွာမှ ဆယ်အိမ်မှူး ကိုနေလင်းအောင်မှ ပြောသည်။

"နွံကန်တွေက တစ်ကန်နဲ့ တစ်ကန်မတူဘူး။ မော်စီစာရွာ အထက်မှာက နှစ်ကန်တောင်ရှိတယ်။ ပြိုကျရင် သူတို့ချိန်ထားတဲ့ပုံက ပေါက်ကျရင်တောင် ရေကန်ဘက်ကျအောင် ချိန်ထားတယ်။ အခုက သွန်ပြီးပြီဆိုတော့ သွန်တဲ့သူဆီမှာ အပြည့်အဝတာဝန်ရှိတယ်။ ရွာသားတွေနဲ့ မဆိုင်တော့ဘူး။ ကာကွယ်ချင်ရင်တော့ အစကတည်းက မသွန်နဲ့ပေါ့" ဟု ကိုနေလင်းအောင်မှ ဆက်လက်ပြောသည်။

နွံကန် ပေါက်ကျသည့်နေရာသို့ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းမှ သွားရောက်ကြည့်ရှုခဲ့ပြီး ကျန်ရှိနေသေးသည့် နွံကန်များကို ထပ်မံမပြိုကျရေးအတွက် အထူးကြပ်မတ်လုပ်ဆောင်ရန် မှာကြားခဲ့ပြီး သေဆုံးတစ်ဦးလျှင် ကျပ်သိန်း ၃၀၀ မိသားစုများထံ ပေးအပ်ခဲ့ကြောင်းလည်း ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင့်စိုး၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။ ■

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
ပြည်နယ်တွင်း သစ်အခြေခံအသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ(MSMEs)သို့ (သာမန်) သစ်မာသစ်လုံးများအား
ဒေသအိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း
ဒေသအိတ်ဖွင့်လေလံကြော်ငြာအမှတ်–၀၂/ ၂၀၁၈– ၂၀၁၉(MSMEs)

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ နန့်စီးအောင်သစ်ဆိပ်ရှိ (သာမန်) သစ်မာသစ်လုံးများကိုအောက်ဖော်ပြပါအတိုင်း ပြည်နယ်တွင်းဒေသအိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် – ၃၀ – ၄ – ၂၀၁၉ရက် (အင်္ဂါ) နံနက် (၁၀း၀၀)နာရီ
(ခ) ရောင်းချမည့်အမျိုးအစားနှင့် တန် – (သာမာန်) သစ်မာသစ်လုံး၊ (၁၉၇.၀၅၄)တန်
(ဂ) ရောင်းချမည့်နေရာ – မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့။

၂။ ဒေသအိတ်ဖွင့် လေလံနှင့် ကတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မန်နေဂျာရုံး၊ မြစ်ကြီးနားမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်တွင်းဒေသအိတ်ဖွင့် လေလံရောင်းချရေးကော်မတီ
မြန်မာ့သစ်လုပ်ငန်း
ကချင်ပြည်နယ်

အယ်ဒီတာ့အာဘော်
Editorial

## မြစ်ဆုံကို ပြန်ရွေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရဲ့ ဒွိဟ

ဧပြီလ ၂၀ ရက်နေ့မှာ ဧရာဝတီကို ပြန်ရွေးယူကြမယ်ဆိုတဲ့ ခေါင်းစဉ်နဲ့ ပညာရှင်တွေ ဆွေးနွေးဟောပြောခဲ့တာကို လေ့လာခဲ့ရပါတယ်။

ဆရာမဂျူး ပြောခဲ့တာကတော့ ပြင်သစ်နိုင်ငံက လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀၀ ကျော်က တည်ဆောက်ခဲ့ပြီး ကမ္ဘာ့သမိုင်းဝင်ဖြစ်တဲ့ နော်တာဒိမ်း ဘုရားကျောင်း လွန်ခဲ့တဲ့ ဧပြီလ ၁၅ ရက်နေ့မှာ မီးလောင်ပျက်စီးခဲ့တာကြောင့် တစ်ကမ္ဘာလုံးက စိတ်မကောင်းဖြစ်ခဲ့ကြပြီး ဒီနေ့ ပြန်လည်ပြုပြင်ဖို့ ကြိုးစားနေကြပါတယ်။ အလှူရှင်တွေလည်း လှူမယ့် စာရင်းတွေပေး၊ ကတိကဝတ်တွေပေး နဲ့ပေါ့။ သို့ပေမယ့် ပြန်ပြင်နိုင်တဲ့ ပညာနဲ့ ငွေကြေးရှိတာတောင် သူ့ရဲ့ မူလလက်ရာကို ပြန်အစားထိုးလို့ မရနိုင်ကြောင်း ဆိုခဲ့ပြီး၊ ဒီနေ့ မြစ်ဆုံသည်လည်း ထိုနည်းတူ ပျက်စီးသွားရင် ပြန်ပြင်လို့ မရနိုင်တော့ကြောင်း ခိုင်းနှိုင်းလို့ မီးမောင်းထိုးပြခဲ့ပါတယ်။

ဆရာကြီး ဦးထွန်းလွင်ကလည်း ပညာရှင်ရှုထောင့်ကနေပြီး ဆွေးနွေးခဲ့တာကတော့ မြစ်ဆုံရေကာတာတည်ဆောက်ဖို့ လိုအပ်တဲ့ တင်ကြိုလေ့လာဆန်းစစ်မှုတွေဟာ နိုင်ငံတကာစံချိန်နဲ့ မညီကြောင်း၊ ဧရာဝတီမြစ်ရဲ့ အရွယ်အစားအရ တင်ကြိုလေ့လာဆန်းစစ် မှုကို ၆နှစ် မှ ၈ နှစ်ကြာ လုပ်ရမှာ ဖြစ်ပေမည့် အခုတော့ ၂ နှစ်နဲ့ လုပ်၊ ၇ လ နဲ့အပ်၊ တစ်ပတ်နဲ့ အပြီးလုပ်သွားတဲ့အပြင်၊ ၃ ဆင့်လောက်လုပ်ရမှာကို ၂ ဆင့်နဲ့ လုပ်ခဲ့တာဟာ ပရမ်းပတာလုပ်ခဲ့တာလို့ ဆိုပါတယ်။

နောက်ပြီး ရေကာတာ ၃ မျိုးရှိတဲ့ အသေးစား၊ အလတ်စား၊ အကြီးစားထဲမှာ မြစ်ဆုံရေကာတာဟာ အကြီးစားထဲမှာ ပါရှိတာပါ။ အောက်စ်ဖို့ဒ်ယူနီဘာစီတီက ဒီ အကြီးစားရေကာတာပေါင်း ၅၀၀ ကျော်ကို လေ့လာဆန်းစစ်ခဲ့ရာမှာ ရာခိုင်နှုန်းအများစုက အကျိုးမပေးဘူး ဆိုတဲ့အကြောင်း ထုတ်ပြန်ခဲ့ပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ ကုန်ကျစရိတ် မတရားများလွန်းခြင်း၊ ချမှတ်ထားတဲ့ ဘတ်ဂျတ်နဲ့ မလောက်ခြင်း၊ သတ်မှတ်ချိန်တွင်း မပြီးနိုင်ခြင်း၊ မျှော်လင့်ထားသလောက် ပြန်မရခြင်းနဲ့ ပြောင်းလဲနေတဲ့ ရာသီဥတုဒဏ်ကို မခံနိုင်ခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

ဒ့ါကြောင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများဟာ အကြီးစားရေကာတာ ဆောက်လုပ်အပြီးနောက် အကြွေးနွံနစ်ခဲ့ကြတာပါ။ ဒ့ါကြောင့် အောက်စ်ဖို့ဒ် ယူနီဘာစီတီက ဖွံ့ဖြိုးဆဲ နိုင်ငံတွေအနေနဲ့ အကြီးစားရေကာတာတွေကို ဆောက်လုပ်ဖို့ မသင့်ကြောင်း အကြံပြုခဲ့ကြပါတယ်လို့ ဆရာကြီးက ဆွေးနွေးတင်ပြခဲ့ပါတယ်။

ဒ့ါအပြင် တရုတ်အစိုးရက သူ့နိုင်ငံကနေ ဖြတ်သန်းစီးဆင်းသွားတဲ့ မဲခေါင်မြစ်အထက်တစ်လျှောက် ရေကာကြီးတွေ တည်ဆောက်လိုက်တာကြောင့် ဒီနေ့ အိမ်နီးခြင်းနိုင်ငံတွေဖြစ်တဲ့ လာအို၊ ကမ်ဘောဒီးယား၊ ဗီယက်နမ် စတဲ့နိုင်ငံတွေဟာ ရေအရင်းအမြစ်နဲ့ ပတ်သက်လို့ အကျပ်အတည်းဆိုက်နေကြရပြီး နိုင်ငံရေးအရတောင် တရုတ်ဩဇာရဲ့ သွယ်ဝိုက်လွှမ်းမိုးမှု ခံနေရတာကို သတိရှိကြဖို့လည်း ပညာရှင်တွေ ထည့်သွင်း ဆွေးနွေးသွားကြပါသေးတယ်။

ဧရာဝတီကိုပြန်ရွေးယူကြမယ်ဆိုတဲ့ ဆွေးနွေးပွဲရဲ့ အဓိကဖော်ဆောင်ချက်ကတော့ မိမိတိုင်းပြည်အတွက် မိမိကိုယ်တိုင်ပါဝင်ပြီး အမိဧရာဝတီကို လူတစ်ဦးလျှင် အမေရိကန် ၁ ဒေါ်လာစီ ထည့်ဝင်လှူတန်းပြီး ပြန်ရွေးကြစို့ ဆိုတာပဲ ဖြစ်ပါတယ်။

ဝိုင်းမော်မြို့မှာလည်း လွန်ခဲ့တဲ့တစ်ပတ်က ပြည်သူတွေ မြစ်ဆုံရေကာတာ ဆောက်လုပ်ရေး ရပ်ဆိုင်းဖို့ ဆန္ဒပြခဲ့ပြီး အဲ့ဒီဆန္ဒပြပွဲကို ဦးစီးခဲ့သူတွေ ပြောဆိုခဲ့ရာမှာလည်း နိုင်ငံတော်ကို အဓိကခြိမ်းခြောက်နေတဲ့ အချက်သုံးချက်ကတော့ မြစ်ဆုံရေကာတာဆောက်လုပ်ခြင်း၊ တရုတ်တစ်ရူးငှက်ပျောနဲ့ ငြိမ်းချမ်းရေးကိစ္စတွေ ဖြစ်ကြောင်း ဆိုခဲ့ကြပါတယ်။

နောက်ပြီး ပြည်သူ့သဘောထားကို ဆန့်ကျင်ပြီး လုပ်ဆောင်မယ်ဆိုရင် ဒါဟာ အာဏာရှင်ဖြစ်တယ်လို့ ဝိုင်းမော်ဆန္ဒပြပွဲရဲ့ ဦးဆောင်သူက ဆိုခဲ့ပါတယ်။ ဒ့ါကြောင့် နိုင်ငံခေါင်းဆောင်နဲ့ တာဝန်ရှိသူတွေ မြစ်ဆုံအရေးနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက် မမှားစေလိုကြောင်း မြစ်ကြီးနားသတင်းဂျာနယ်က ရေးသားအပ်ပါတယ်။

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanew

# နွေရာသီအတွက် အထူးသတိထားသင့်သည့်အချက်များ



ဒီအပတ်ရဲ့ ကျန်းမာရေးကဏ္ဍမှာတော့ ပူပြင်းလှတဲ့ နွေရာသီမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အန္တရာယ်တွေ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာတွေ၊ နေပူထဲ သွားလာလှုပ်ရှားသူတွေအနေနဲ့ သတိပြုဆင်ခြင်ရမယ့်အရာတွေ လိုက်နာဆောင်ရွက်သင့်တဲ့ အချက်တွေ၊ ရာသီဥတုနဲ့ ကိုက်ညီအောင် ဘယ်လို ပြုမူ၊ စားသောက်နေထိုင်သင့်ပုံတွေနဲ့ ပတ်သက်ပြီး ဒုခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး မြစ်ကြီးနားခရိုင်မှ ဒေါက်တာ ခေါင်နော်နဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။

**ပထဦးဆုံး နွေရာသီနဲ့ ပတ်သက်ပြီး သတိထားရမယ့် အရာလေးတွေကို ပြောပြပေးပါ။**

နွေရာသီမှာ အပူချိန်က တစ်နှစ်ထက်တစ်နှစ် ပိုများလာတယ်။ ပိုများလာတယ်။ ပူပြင်းတဲ့ ဒီလိုရာသီမျိုးမှာဆို လူတွေရဲ့ ကိုယ်ခံအားက တခြားရာသီတွေထက်ကို ခံနိုင်ရည်အားကျဆင်းနေတယ်။ သွက်လက်မှု မရှိဘူး။ ပူပြင်းဒဏ်ကို သည်းညည်းပြီး ခံစားနေရတယ်။ သွက်လက်မှု မရှိဘူး။ ကိုယ်ခံအားကျတော့ ရောဂါတွေလည်း အလွယ်တကူ ဝင်ရောက်နိုင်တာပေါ့။ နေလောင်တာကတော့ အဓိကပေါ့နော်။ နေလောင်တာကြောင့် တချို့ အရေပြားတွေက Allergy ဖြစ်တတ်တယ်။ ရေရှည်ထိတွေ့တာမျိုး ဆိုရင်တော့ အရေပြားတွေက ပိုအိုမင်းတာကနေ အရေပြားကင်ဆာဖြစ်တဲ့အထိ ဖြစ်နိုင်ပါတယ်။

**အပူချိန်ကြောင့် အရေပြားနဲ့ ပတ်သက်ပြီး ဘယ်လို ဆိုးကျိုးတွေ ဆက်ဖြစ်လာလဲ။**

အရေပြားရောဂါလို့ ပြောတဲ့အထဲမှာ အများဆုံးက ဘာတွေဖြစ်တတ်လဲဆိုလို့ရှိရင် မွေးကျွတ်နာ၊ အရေပြားပိုးဝင်၊ ပွေး၊ ညှင်းတို့လိုမျိုး၊ အရေပြား မှိုစွဲတာမျိုး၊ မိတ်တို့ အနီဖုတို့ပေါက်တတ်တယ်။ နေပူရှိန် တအားမြင့်တယ်လေ။ အပူကြောင့် ဖောရောင်တာတွေဖြစ်တယ်။ ပြီးရင် အပူကြောင့် မိတ်နဲ့ယားနာတွေ ဖြစ်တယ်။ ပြီးတော့ မူးမေ့တာတွေ၊ ကြွက်တက်တာတွေ ဖြစ်တတ်ပါတယ်။ သတိလစ်တာတို့၊ ပင်ပန်းနွမ်းနယ်တာမျိုးတို့ ဖြစ်တတ်ပါတယ်။ အဲဒါတွေက ရောဂါရယ်လို့တော့ မဟုတ်ပါဘူး။ အပူကြောင့် ဖြစ်တတ်တဲ့ ဆိုးကျိုးတွေ ဖြစ်ပါတယ်။

**ပူပြင်းတဲ့ နွေရာသီမှာ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဘယ်လို လူတွေက ပိုပြီး သတိထား နေထိုင်သင့်လဲ။**

နွေရာသီက တအားပူတဲ့အခါကျတော့ အဓိက ဘယ်လိုလူတွေမှာ ဆိုးကျိုးတွေ သက်ရောက်လဲဆိုတော့ ခံနိုင်ရည်အားနည်းတဲ့ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ နောက်ပြီးတော့ နာတာရှည်ရောဂါဖြစ်နေတဲ့ သူတွေမှာ ပိုပြီးတော့ ခံနိုင်ရည် မရှိဘူးပေါ့။ ပြီးရင် အရက်သေစာ အလွန်အကျွံသောက်တဲ့ သူတွေလည်း အပူချိန် ခံနိုင်ရည်အားနည်းလို့ အန္တရာယ်ပိုရှိတယ်။ ရောဂါအခံရှိလို့ ဆေးသောက်နေတဲ့သူတွေ (ဥပမာ- ဆီးဆေး) ဆိုရင်လည်း သတိထားရမှာ ဖြစ်ပါတယ်။ ပုံမှန် ကျန်းမာပေမယ့် နေပူကြီးထဲ အလုပ်လုပ်ရတဲ့ ကာယလုပ်သားတွေ (ဥပမာ- ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်တင်ကုန်ချ လုပ်ငန်း)လုပ်တဲ့ သူတွေလည်း သတိထားသင့်ပါတယ်။ အဲ့ဒါသောက်နေရတဲ့ လူမျိုးတွေက ကိုယ်ခန္ဓာမှာ ရေဓာတ်ကုန်ခမ်းခြောက်တယ်။ အပူကြောင့်လည်း ရေဓာတ်ခမ်းခြောက်တယ်ဆိုတော့ ဒီလိုလူတွေက ပိုပြီး အန္တရာယ်ရှိတယ်။ အဲလိုမျိုးလူတွေက ဘယ်လိုလူတွေက ပိုပြီး သတိထားသင့်တယ်။

**ဆိုတော့ ခန္ဓာကိုယ်မှာ အပူကြောင့် ရေဓာတ်ခမ်းခြောက်မှုတွေ မဖြစ်အောင် ဘယ်လို လုပ်သင့်လဲ။**

နွေရာသီက ပြင်းထန်တဲ့အတွက်ကြောင့်မလို့ ခန္ဓာကိုယ်မှာ ရေဓာတ်ခမ်းခြောက်တာရဲ့ နံပါတ်တစ် အဆင့်က ရေနဲ့ ဓာတ်ဆားကို ဖြည့်စေချင်တယ်။ ခုနကပြောတဲ့ ကြွက်တက်တယ်ဆိုတာက ကိုယ်ခန္ဓာမှာရှိတဲ့ ဓာတ်တွေ ချို့ယွင်းလာပြီး နည်းလာလို့ တအားကြီးကို နွမ်းချိပြီးမှ ခြေတွေ၊ လက်တွေ မသယ်နိုင် ဖြစ်လာမယ်။ ဆိုတော့ ရေကို ပုံမှန်နဲ့ များများ သောက်ပေးရမယ်။ တစ်ခါတည်း အများကြီး သောက်လိုက်တာမျိုး မဟုတ်ဘဲနဲ့ ပုံမှန်နဲ့ များများသောက်ပေးသင့်တယ်။ အရမ်းကြီး ကိုယ်က ချွေးထွက်အောင် လှုပ်ရှားပြီဆိုရင် ဓာတ်ဆားကို သောက်သုံးသင့်တယ်။ အညွှန်းထဲမှာ ပါတဲ့အတိုင်း သေချာလေး လုပ်ပြီးတော့မှ သောက်ရမယ်။ ပမာဏ အရမ်းများသွားရင်လည်း ဆိုးကျိုးဖြစ်နိုင်သလို၊ လျော့သွားရင်လည်း အာနိသင် မရှိတော့ဘူး။ မှန်ကန်တဲ့ ပမာဏနဲ့ ဖျော်စပ်ပြီးမှ သောက်သင့်တယ်။

**နွေရာသီမှာ အရေပြားရောဂါအန္တရာယ်တွေ မကျရောက်အောင် ဘယ်လို ပြုမူနေထိုင်သင့်လဲ။**

ဘယ်လို ပြုမူနေထိုင်သင့်လဲဆိုတော့ အရေပြားကိစ္စဆိုရင် တစ်ကိုယ်ရည် သန့်ရှင်းမှုပဲ။ ဆပ်ပြာနဲ့ သေချာဆေးကြောမှုတွေ လုပ်ရမယ်။ ဒီတိုင်း ရေလောင်းတာမျိုး မဟုတ်ဘဲနဲ့ပေါ့။ ပေါင်ကြား၊ ချိုင်းကြားတွေမှာ ဆပ်ပြာနဲ့ သေချာပွတ်တိုက်ဆေးကြောပေးရမယ်။ နေရောင်ခြည်ဒဏ်ကြောင့် ဖြစ်တဲ့အတွက် နေရောင်ခြည်ကို တိုက်ရိုက် မထိတွေ့အောင် ကာကွယ်ပြီးနေရမယ်။ ဧပရယ်နဲ့မေလက အပူရှိန်အမြင့်ဆုံး ဖြစ်တယ်ပေါ့နော်။ အဲ့ဒီလို အချိန်မှာ မဖြစ်မနေသွားရမယ်။ လာရမယ်ဆိုရင်တော့ မနက်စောစော ဒါမှမဟုတ် ညနေတွေမှာ အလုပ်တွေကိုလုပ်သင့်တယ်။ နေ့လည်ချိန်မှာ နားနေသင့်တယ်။ အခုအချန်က ခရမ်းလွန်ရောင်ခြည် ပြင်းအားကြိမ်နှုန်းက အလွန်အကျွံပြင်းထန်တဲ့အဆင့်မှာ ရှိနေတယ်။ မတတ်နိုင်လို့ နေပူထဲ သွားရမယ်၊ လာရမယ်ဆိုရင်တော့ နေကာလိမ်းဆေးတွေ၊ အရင်ပုံမှန်ရာသီဥတုမှာတော့ SPF 15 လောက် သုံးရင် အဆင်ပြေတယ်။ အခု ဒီလို အရမ်းပူတဲ့အချိန်ဆိုရင် SPF 30 အထက်ပါတဲ့ဟာ လိမ်းသင့်တယ်။ ဆံပင်မှာလည်း နေကာဖျန်းဆေးရှိတယ်။ အဲဒါသုံးရင်လည်း ဆံပင်ကို နေလောင်ဒဏ်ကနေ ကာကွယ်ပေးပါတယ်။ နေရောင်ကို တိုက်ရိုက်မခံရအောင် မနက် ၁၀နာရီကနေ ညနေ ၄နာရီအတွင်းကို အတတ်နိုင်ဆုံး ရှောင်ရပါမယ်။

**နေပူထဲ သွားလာလှုပ်ရှားမယ့်သူတွေ အတွက် ဘယ်အရာတွေကို ကြိုတင်ပြင်ဆင်သင့်လဲ။**

ကမ်းခြေကို သွားတဲ့သူတွေ၊ ရေဆော့တဲ့သူတွေလည်း ရေစိုခံတဲ့ နေကာလိမ်းဆေးတွေ ရှိတယ်။ လိမ်းတာကလည်း သူ့ရဲ့အာနိသင်ကို မူတည်ပြီးမှ တစ်ခါလိမ်းပြီးရင်လည်း တစ်နေကုန် မလိမ်းတော့ဘူး။ အဲ့လိုမရဘူး။ အနည်းဆုံး ၂ နာရီဆိုရင် တစ်ခါ ထပ်လိမ်းရမယ်။ နေကာ Cream လိမ်းတဲ့အခါ နည်းနည်းများများ လိမ်းရပါမယ်။ အဲဒါလည်း ခုချက်ချင်းလိမ်းပြီး ခုချက်ချင်း မထွက်ရဘူး။ အခြောက်မြန်တဲ့ဟာတွေ လိမ်းပေးသင့်တယ်။ လိမ်းပြီး ၁၅ မိနစ်လောက်နေပြီးမှပဲ အပြင်ထွက်လို့ရမှာ။ ဒါမှ အရေပြားထဲ စိမ့်ဝင်ပြီး အာနိသင် ထိရောက်မှာပါ။ ထီးတို့၊ ဦးထုပ်တို့ဆောင်းရမယ်။ ချည်သားလိုမျိုးတွေ ဝတ်သင့်တယ်။ ပြီးရင် အဓိက ကတော့ မျက်စိပေါ့။ နေရောင်ခြည်ကြောင့် ဖြစ်တတ်တဲ့ မျက်စိတိမ်ဆိုတာရှိတယ်။ အဲ့ဒီ ဟာလေး မဖြစ်အောင် မျက်စိတိမ်ကို ကာကွယ်အောင် နေရောင်ခြည်ကာတဲ့ နေကာမျက်မှန်တွေကို အသုံးပြုသင့်တယ်။ နေကာမျက်မှန်မှာလည်း ရိုးရိုးနေကာမျက်မှန် မဟုတ်ဘူး။ နေကာမျက်မှန်မှာလည်း UV ကို ကာကွယ်တဲ့ဟာ ရှိတယ်။ အဓိက ကတော့ ကိုယ်ခံအားနည်းတဲ့ ကလေးတွေကိုလည်း ပြောချင်တယ်။ ကလေးတွေကို Diaper ကို သုံးပြီး တစ်နေ့လုံး ပစ်ထားတာတို့ မလုပ်သင့်ဘူး။ ကလေးတွေက အသားအရေလည်း အရမ်းနူးညံ့တယ်ဆိုတော့ ကလေးတွေက မခံနိုင်ဘူး။ အဲ့ဒါတွေကို ဂရုစိုက်ရမယ်။ လူကြီးတွေအနေနဲ့လည်း ချည်သားပွပွ၊ နိုင်လွန်၊ သိုးမွေးတို့ မဝတ်သင့်ဘူး။ မိဘတွေကလည်း ကလေးတွေကို ရွေးချယ်ပြီး ဝတ်ပေးသင့်တယ်။

လူတွေ သတိထားရမယ့် အရာလေးကိုလည်း ပြောပြပေးပါ။

နွေရာသီမှာဆိုရင် ရေချိုးခြင်းက လူတွေ သတိထားရမယ့် အရာထဲမှာ ပါတယ်။ အပြင်ကနေလာလို့ ရှိရင်တော့ ချက်ချင်း 'ငါရေချိုးလိုက်မယ်'တို့ ဆင်ခြင်သတိထားရမယ်။ ပြီးရင် ကိုယ်လုပ်တဲ့ လုပ်ငန်းအပေါ်မှာလည်း မူတည်တယ်လေ။ အရမ်းကို အနံ့အသက်ဆိုးတယ်။ ချွေးတွေလည်း တအားထွက်တတ်တဲ့ သူဆိုရင်တော့ သာမန်ဒီအလုပ်ပဲ လုပ်တယ်။ ဘာမှ မဖြစ်ဘူးဆိုပေမယ့် ချွေးတွေလည်း တအားထွက်မယ်။ ဂျိုးညော်တွေ ထွက်မယ်ဆိုရင်တော့ ရေချိုးသင့်တယ်။ ဒါပေမဲ့ အရင် နားမယ်။ ရေသောက်မယ် ပြီးမှ ချွေးတွေတိတ်အောင် သုတ်ပေးရမှာပေါ့။ အဲ့ဒီတော့မှ ပုံမှန်ဖြစ်သွားပြီ၊ အပူလျော့သွားပြီဆိုမှ ချိုးသင့်ပါတယ်။ အသက်အရွယ်နဲ့လည်း ဆိုင်တယ်။ ပုံမှန်လူတွေ ဆိုရင် ခုနကပြောသလို နေရိပ်ထဲမှာ နားပြီးတော့ ချိုးတာကတော့ အကောင်းဆုံးပေါ့။ အရမ်းငယ်သေးတဲ့ ကလေးတွေ၊ လူကြီးပိုင်းတွေ ဆိုရင်တော့ ရေပတ်လေးနဲ့ သုတ်ပေးတာတို့ လုပ်သင့်ပါတယ်။ ရေချိုးရင်လည်း နေမထွက်ခင်၊ နေမပြင်းခင် စောစောပိုင်းရေချိုးတာတို့။ ညနေဆိုရင်လည်း နေဝင်ပြီး အေးလာပြီဆိုတဲ့ အခါကျမှ အရမ်းမိုးမချုပ်ခင် ချိုးပေးတာမျိုးပေါ့။ ပြီးရင် နောက်တစ်ခု ရေခဲရေကို အပူကနေလာပြီး ချက်ချင်း မသောက်သုံးသင့်ဘူး။ ရေခဲသောက်ချင်တယ်ဆိုရင် အရမ်းကြီးအေးခဲနေတဲ့ဟာ မဟုတ်ဘဲနဲ့ ရိုးရိုးရေနဲ့ ရောပြီးသောက်တာကတော့ အကောင်းဆုံးပဲ။

**အစားအသောက်နဲ့ ပတ်သက်ပြီး ဘယ်လိုအစားအစာတွေကို စားသင့်တယ်၊ ရှောင်ကြဉ်သင့်တယ် ဆိုတာလည်း ပြောပြပေးပါဦး။**

အစားအသောက်ကလည်း အရမ်း အရေးကြီးတယ်။ ဘယ်လိုဟာတွေကို စားသုံးသင့်လဲဆိုတော့ အသီးအရွက်တို့၊ အသီးအနှံတို့ကို များများစားသုံးသင့်ပါတယ်။ အသီးအနှံမှာဆိုရင်လည်း အရည်ရွှမ်းတဲ့ဟာမျိုးတွေကို များများစားသုံးသင့်ပါတယ်။ ပုပ်သိုးလွယ်တဲ့ အစားအသောက်တွေ စားတာ ရှောင်ရမယ်။ ဟင်းကိုလည်း ခဏခဏ ပြန်ပြီး နွှေးစားတာတို့ မလုပ်သင့်ဘူး။ နှမြောပြီး ပြန်နွှေးစားတာတို့ပေါ့။ နှမြောပြီး ပြန်နွှေးစားတာတို့ကို ရှောင်ကြဉ်သင့်ပါတယ်။

**ဆရာမအနေနဲ့ ပြည်သူတွေကို ဘာများအကြံပေးချင်လဲ။**

ရေကို တစ်နေ့လုံး နည်းနည်းနဲ့ ပုံမှန် မမေ့မလျော့နဲ့ သောက်ပေးဖို့အတွက် အရေးကြီးတယ်။ တကယ်လို့များ အဲ့ဒီလို နေနေရင်းနဲ့မှ အာတွေ ခြောက်လာတယ်၊ မူးလာတယ်ဆိုရင် ပတ်ဝန်းကျင်မှာရှိတဲ့ အနီးဆုံးကျန်းမာရေးဌာနတွေမှာ သွားပြီးမှ လာရောက်ကုသသင့်တယ်။ ဒီအပူလျှပ်တဲ့ဟာကိုလည်း လုံးဝမဖြစ်အောင် အသက်အန္တရာယ်ကို ချက်ချင်း ကျရောက်စေနိုင်တဲ့ အတွက်ကြောင့် မလို့ပေါ့နော်။ နေရောင်ခြည်နဲ့ တိုက်ရိုက် မထိတွေ့အောင်ရယ်၊ တစ်ကိုယ်ရည် သန့်ရှင်းမှုရယ်၊ အရေပြားရောဂါတွေ မဖြစ်အောင် ကိုယ်ခန္ဓာကို ထိန်းသိမ်းရမယ်။ ရာသီဥတုအခြေအနေအရ တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီးမှ ပူပြင်းလာတယ်၊ မြင့်လာတယ်။ အားလုံးကလည်း အခုထိတွေ့ခံစားနေရတာပဲလေ။ ဒီဟာတွေကို နည်းမှန်၊ လမ်းမှန်နဲ့ လုပ်ဖို့အရေးကြီးတယ်။ ပတ်ဝန်းကျင်မှာရှိတဲ့ ကလေးတွေ၊ လူကြီးတွေရော၊ ရောဂါဖြစ်နေတဲ့ သူတွေကို ဘယ်လို လက်တွဲကူညီမလဲ။ အကယ်၍ အပူလျှပ်တဲ့ လက္ခဏာဆိုးတွေ ရှိလာပြီဆိုရင်တော့ ပတ်ဝန်းကျင်မှာရှိတဲ့ အနီးစပ်ဆုံး ကျန်းမာရေး ဌာနတွေမှာ လာရောက် ကုသသင့်ပါတယ်။ ■

Benadeth/ Myu Myat Myat Pan

# နိုင်ငံတော်မှ ချပေးတော့မည့် လက်လုပ်လက်စား ကျောက်မျက်ရတနာ လုပ်ကွက်များကို ဒေသခံများ စိတ်ဝင်စားမှုမရှိဟုဆို

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်အတွင်းရှိ ကျောက်စိမ်း၊ ရွှေ၊ ပယင်းနဲ့ အခြားသယံဇာတများကို အခြေခံလူတန်းစားများ တူးဖော်လုပ်ကိုင် စားသောက်နိုင်ရန်အတွက် လက်လုပ်လက်စား ကျောက်မျက်ရတနာ လုပ်ကွက်တွေ ချပေးတော့မည်ဆိုသော်လည်း ဒေသခံများအနေဖြင့် စိတ်ဝင်စားမှုမရှိကြောင်း သိရသည်။

လက်လုပ်လက်စားလုပ်ကွက်များကို ဖားကန့်မြို့အနီးရှိ ကျောက်စိမ်းနဲ့ ရွှေထွက်သည့် နမ္မဖြစ်၊ မလန်း၊ ဂျန်ဂတ်၊ လွယ်တောင်နှင့် အလားတူ ကျောက်စိမ်းနှင့် ရွှေထွက်သည့် တာမခံရွာအနီးရှိ ရှင်တစ်ထောင်၊ ကြေးသီး၊ ခိုမ၊ ခေါက်ခွေ၊ ချောပြင်၊ မော်လုံ၊ နန့်စပိန်း၊ တာမခံ၊ နတ်ရေတောင်၊ ဟောင်ပါးနှင့် ပတ္တမြားထွက်ရှိသည့် နန့်ယားကျေးရွာအနီးမှ လဘော်၊လခ၊ ကပ်မော်ဇွပ်၊ ခွန်စိုင်ဇွပ် စသည့်မော်များတွင် ချပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက ဧပြီလ ၁၀ ရက်နေ့တွင် ပြောဆိုခဲ့ပြီး ယင်းနေရာများမှာ လက်လုပ်လက်စား လုပ်ကိုင်နိုင်ရန် အဆင်မပြေကြောင်း ရေမဆေးရှာဖွေလုပ်ကိုင်သူများက ပြောသည်။

"ခုချပေးမယ့် လုပ်ကွက်တွေကို ချပေးမယ့်လူကြီးတွေ လုပ်မလားလို့ မေးကြည့်ပါ့လား။ ကျနော်တို့ ရေမဆေးတွေက ကျင်းသားအဖြစ် သုံးလ အလကားပေးလုပ်ပေးမယ်။ အဲဒီနေရာတွေကို လုပ်မလားလို့ပြောလိုက်ပါဗျာ။ ကျောက်ကြောမှ မရှိတာဗျာ၊ မြေလှန်ရှာရမယ့် နေရာတွေဗျာ။ မြေစာပုံမှာ ကျောက်ရှာတဲ့ လူတွေက ဘယ်လိုလုပ် ဒီနေရာတွေမှာ လုပ်နိုင်မှာလဲ။ လူကြားကောင်းအောင် လုပ်တဲ့ကိစ္စတွေပါဗျာ"ဟု မော်စီစာကျေးရွာမှ ရေမဆေးလုပ်ငန်းလုပ်ကိုင်သူ ကိုဖိုးပွားမှ ပြောသည်။

ယခုကဲ့သို့ လက်လုပ်လက်စား လုပ်ကွက်ချထားပေးမှုအား ကြိုဆိုအားပေးရမည် ဖြစ်သော်လည်း မြေပြင်နှင့် လက်တွေ့အခြေအနေ ကွာခြားနေကြောင်းလည်း ဒေသခံများနှင့် ရေမဆေးကျောက်ရှာဖွေသူများက ဆိုသည်။

"သူတို့ ချပေးမယ့်နေရာတွေက ဘယ်လိုလုပ်ပြီး ကျနော်တို့ရေမဆေးတွေက ဘယ်လိုလုပ် တူးနိုင်မှာလဲဗျာ။ ကျောက်ကြောမှမရှိတာဗျာ။ ဒီဘက်က မော်စီစာလို၊ မော်ဝမ်းကြီးလို မော်ကြီးတွေမှာဆိုရင်တော့ တူးချင်တာပေါ့"ဟု ရေမဆေးကျောက်ရှာဖွေသူ ကိုသန်းဇော်က ပြောသည်။

အာဏာရှင် လက်ထက်က တရားမဝင် ရွှေ၊ ကျောက်စိမ်းနှင့် ပတ္တမြား တူးဖော်ပြီးသည့် နေရာများကို ယခု လက်လုပ်လက်စားများအတွက် ချပေးပြီး လက်ရှိ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများ လုပ်ဆောင်နေသည့် ရတနာနယ်မြေများတွင် ချထားပေးခြင်းမပြုခြင်းသည် သဘာဝကျခြင်း မရှိကြောင်းလည်း ပြောဆိုဝေဖန်နေကြကြောင်းလည်း သိရသည်။

"ဒီမှာရှိတဲ့ လူတွေက ဘယ်နား ကျောက်ထွက်တယ်၊ ရွှေထွက်တယ်၊ တူးထားလား မတူးထားလားဆိုတာ အကုန်သိနေကြတာချည်းကိုး။ ချပေးတဲ့ ဝန်ကြီးဌာနအနေနဲ့ ဒီနေရာတွေကို တကယ်မသိလို့ ချပေးတာဆိုရင်လည်း မြေပြင်မှာ ကွင်းဆင်းပြီး လေ့လာသင့်ပါတယ်။ သိသိကြီးနဲ့ ချပေးတာဆိုရင်လည်း ဒါကြီးက မလုပ်သင့်တဲ့ကိစ္စပါ။ အကြောင်းမသိတဲ့လူတွေ လာလုပ်လည်း ရှုံးပြီး ပြန်သွားကြမှာပဲလို့" ဖားကန့်မြို့နယ် ဥပဒေအထောက်အကူပြုအဖွဲ့မှ အတွင်းရေးမှူး၊ တရားလွှတ်တော်ရှေ့နေ ဦးဇော်မိုးက ဆိုသည်။

လက်လုပ်လက်စား လုပ်ကွက်အဖြစ် ချထားပေးမည့် နေရာများသည် မြေပြင်အနေအထားအရ အကျိုးဖြစ်ထွန်းနိုင်မည့် အခြေအနေ မရှိနိုင်ကြောင်း လုပ်ငန်းရှင်အချို့က ပြောဆိုလျက်ရှိနေကြပြီး ကျောက်မျက်ရတနာသည် ထိုက်သင့်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် စွန့်စားတူးဖော်လုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်ကြောင်း လုပ်ငန်းရှင်များက သုံးသပ်ပြောဆိုနေသည်။

"ဒီကိစ္စကတော့ အောင်မြင်လိမ့်မယ်လို့တော့ ကျနော်မထင်ဘူးဗျ။ ကျောက်တူးတူး ရွှေတူးတူး စွန့်စားရတဲ့အပိုင်းတွေ ပါလာတယ်။ အဲဒီစွန့်စားမှုတွေကို ဒီလက်လုပ်လက်စားတွေက ခံနိုင်ရည်ရှိပါ့မလားပေါ့။ ကျောက်ဆိုတာကလည်း လက်လုပ်လက်စားတူးပုံစံမျိုး တူးရုံနဲ့ အလွယ်တကူ ထွက်လာတဲ့ လုပ်ငန်းမျိုးတော့ မဟုတ်ဘူး။ လေးငါးဆယ်ဦး ပေါင်းလုပ်မှ အဆင်ပြေနိုင်မယ်။ တကယ်အောက်ခြေက ဖြစ်နေတဲ့ လက်လုပ်လက်စားဆိုတဲ့ကိစ္စတွေကို ဟိုးအပေါ်ကပုဂ္ဂိုလ်တွေက တိတိကျကျ မသိဘူး။ အပေါ်က ပုဂ္ဂိုလ်တွေကလည်း အောက်ခြေကို ဆင်းပြီးတော့မှ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာကို တကယ်လက်တွေ့လုပ်ငန်းထဲမှာ လုပ်နေတဲ့လူတွေ၊ လမ်းကြောင်းထဲက လူတွေကို မေးမြန်းထားတာ မရှိဘူး။ မရှိတော့ ဒီကိစ္စကတော့ လက်တွေ့ မြေပြင်မှာထိရောက်မှုအတော်အားနည်းပါလိမ့်မယ်"လို့ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူရမှ သုံးသပ်ပြောဆိုသည်။

ယင်းအပြင် ဦးကျော်သူရက လုပ်ကွက်များကို အစိုးရအနေဖြင့်သက်တမ်း ၂ နှစ်မှ ၃ နှစ်အထိပေးသင့်ကြောင်း လက်ရှိသက်တမ်း ၁ နှစ် ချထားပေးခြင်းမှာလည်း ထိရောက်မှု မရှိနိုင်ကြောင်း ထပ်မံပြောကြားသည်။

"တူးပြီးသားဖော်ပြီးသား နေရာရယ်၊ မတူးရ မဖော်ရသေးတဲ့ နေရာရယ်၊ လုပ်လို့ကိုင်လို့ရတဲ့နေရာ ဟုတ်မဟုတ် သေသေချာချာတိတိကျကျမရှိဘဲနဲ့ မြေကြီးရှိတိုင်း၊ မြေကြီးမြင်တိုင်း လက်လုပ်လက်စားလုပ်ကွက် ဆိုပြီးတော့ ရမ်းရိုက်နေရင် လာလျှောက်မယ့်လူလည်း ရှိမှာမဟုတ်ဘူး။ တကယ်လို့ မတော်တဆ လျှောက်လိုက်တဲ့ လူဆိုရင်လည်း ဆုံးရှုံးမှုတွေပဲရှိမယ်"ဟုလည်း ဦးကျော်သူရက ဆက်လက်ပြောကြားသည်။

အထက်ပါ လက်လုပ်လက်စား လုပ်ကွက်များကို မော်ပေါင်း(၂၆)မော်မှ လုပ်ကွက်ပေါင်း(၂၇၇၄၀)ကွက် ချထားပေးသွားမည် ဖြစ်ကာ လုပ်ကွက်တစ်ကွက်၏ အကျယ်အဝန်းသည် တစ်ဧက ဖြစ်သည်။

ထိုလုပ်ကွက်တွင် မြင်းကောင်ရေ(၂၅)ကောင်အား အင်ဂျင်နှင့် လေဖောက်စက်များကို အသုံးပြုခွင့်ပေးထားပြီး မြေစာပစ်ရန်အတွက်လည်း သုံးဘီးနှင့်လက်တွန်းလှည်းများကို အသုံးပြုခွင့် ပေးသွားမည် ဖြစ်သည်။

လုပ်ကွက်တစ်ဧကလျှင် နိုင်ငံတော်ကို ငွေကျပ်ငါးသိန်း အခွန်ဘဏ္ဍာပေးသွားရမည်ဖြစ်ကာ တစ်ဦးလျှင် လုပ်ကိုင်ခွင့် ၃ ဧကအထိ လျှောက်ထားနိုင်ပြီး အခြားသူထံ ရောင်းစားခြင်း၊ လက်လွှဲ လုပ်ကိုင်စေခြင်းများကို ခွင့်ပြုသွားမည် မဟုတ်ကြောင်းလည်း ဝန်ကြီး ဦးဒါရှီလဆိုင်းမှ ပြောသည်။

"ကျနော်တို့ အစည်းအဝေးထိုင်ပြီးပါပြီ။ မေလ ပထမပတ်လောက်မှာ အကွက်ရိုက်ဖို့ ကွင်းဆင်းစစ်ဆေးမှုတွေ လုပ်ပြီး မေလကုန်လောက်မှာ ချပေးနိုင်မယ်လို့ မှန်းထားပါတယ်"ဟု ဝန်ကြီးမှ အတည်ပြုပြောကြားသည်။

မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေကြမ်းကို NLD အစိုးရသက်တမ်း သုံးနှစ်ပြည့်ခါနီး ဇန်နဝါရီလ ၂၉ ရက်နေ့က(၁၁)ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းဝေး တတိယမြောက်နေ့တွင် မဲခွဲဆုံးဖြတ်အတည်ပြုခဲ့ခြင်း ဖြစ်ပြီး NLD အစိုးရလက်ထက် ပြင်ဆင်ရေးဆွဲခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် ပြည်နယ် တိုင်းဒေသကြီးအစိုးရ၏ လုပ်ပိုင်ခွင့်အဖြစ် အသေးစားနှင့် လက်လုပ်လက်စား ကျောက်မျက်ရတနာ လုပ်ကွက်များ ချထားပေးပိုင်ခွင့်တွေကိုလည်း ထည့်သွင်းရေးဆွဲလာခဲ့ခြင်းဖြစ်သည်။ ■



ဓာတ်ပုံ - စည်သူ

> "သူတို့ ချပေးမယ့်နေရာတွေက ဘယ်လိုလုပ်ပြီး ကျနော်တို့ရေမဆေးတွေက ဘယ်လိုလုပ် တူးနိုင်မှာလဲဗျာ။ ကျောက်ကြောမှ မရှိတာဗျာ။ ဒီဘက်က မော်စီစာလို၊ မော်ဝမ်းကြီးလို မော်ကြီးတွေမှာဆိုရင်တော့ တူးချင်တာပေါ့"

ဇော်မိုးထက်(ဖားကန့်)၊
စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်း ဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(ဧပြီ ၂၈ ၊ ၂၀၁၉)

# ‘ဝ’ တောင်တန်းက ကချင်များ

အင်ခိုင်ဘွမ် ရေးသားသည်



၁၉၉၀ ခုနှစ်ခန့်က ရန်ကုန်ကနေ၍ ဝတောင်တန်းများပေါ် သို့ ခရီးသွားလိုလျှင် မန္တလေးတွင် တစ်ညအိပ်၊ လားရှိုးတွင် တစ်ညအိပ်၊ လားရှိုးကတစ်ဆင့် ဟိုပန်မြို့ကို တစ်နေကုန် ခရီးသွားရသည်။ ထိုမှတစ်ဆင့် ပန်လုံ၊ မိုင်းမော စသည်ဖြင့်။ သို့မဟုတ်လည်း ကိုးကန့်ဒေသ ချင်းရွှေဟော်၊ လောက်ကိုင်၊ ကုန်းကြမ်း ဘက်သို့လည်း သွားနိုင်သည်။ ကားလိုင်းအမည်မှာ ဝတောင်တန်း၊ ရွှေသံလွင် စသည်ဖြင့် ဖြစ်သည်။ ကာလဒေသနှင့် အလွန်လိုက်ဖက်လှသော ချစ်စရာ အမည်လေးများပင်။ လမ်းများကတော့ စိုင်းဆိုင်မောဝ်သီချင်းကဲ့သို့ “လမ်းတွေက ဆိုး၊ ချိုင့်တွေက ပေါ” ဆိုသည့်အတိုင်းပင် ဖြစ်သည်။ ထို့နောက် သက္ကရာဇ် ၂၀၀၀ ခုနှစ်ကျော်တွင် ရန်ကုန်-လားရှိုးသို့ ပြေးဆွဲသော တက်လမ်းကားဂိတ် စပေါ်လာသည်။ မန္တလေးတွင် မအိပ်ရတော့သဖြင့် ခရီးစဉ်မြန်ဆန်လာခဲ့သည်။

ယခုအချိန်တွင်တော့ စီးစရာ ကားလိုင်းလည်းများ၊ လမ်းများလည်း အလွန်ကောင်းလျက်ရှိပြီ ဖြစ်သည်။

လားရှိုး - သိန်းနီ - နမ့်ဆလက်-နားတီးတို့ကို ကျော်၍ ကွမ်းလုံ ကြိုးတံတားကြီးကို ဖြတ်ကာ ကွမ်းလုံမြို့ထဲသို့ ရောက်မည်။ ထိုကွမ်းလုံမြို့တွင် ကချင်တိုင်းရင်းသားအများအပြားရှိသည်။ ထို့နောက် ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ဘက် ကူးလျှင်လည်း ကချင်တိုင်းရင်းသားအများအပြား အခြေချနေထိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ ဟိုပန်မှ ပန်လုံဘက် ဆက်သွားလျှင်လည်း ကချင်ရွာလေးများကို ဖြတ်သန်းသွားရဦးမည် ဖြစ်သည်။

ရွာလေးများတွင် ပန်ကောက်ကချင်ရွာလည်း အပါအဝင်ဖြစ်သည်။ ပန်ကောက်ရွာသည် ရာဇဝင်နှင့်ဖြစ်သည်။

ခရစ်နှစ် ၁၇၄၇ ခုနှစ်တွင် ဝစော်ဘွားဂျောင်ဂွန် အုပ်ချုပ်သည့်ဒေသကို ဖတ်မောင်းကန်းစီ လူမျိုးများက ကျူးကျော်လာခဲ့ကြသည်။ စော်ဘွားကြီးလည်း စစ်ရေးတွင်ကျွမ်းကျင်သော ကချင်လူမျိုးများကို စစ်ကူတောင်းခဲ့ရန် အကြံဖြစ်ခဲ့သည်။ ထို့နောက် ကွမ်းလုံမြို့၊ ကွမ်းလုံဈေးတွင် ကျွဲနွားကုန်သည်များဖြစ်သော ကချင်အမျိုးသား ရှန်းထင်းဦးနော်ဂရောင်၊ ရှုလတ်ဦးမာလ၊ ကော့လော် ဦးဖာန်တို့နှင့် တွေ့ဆုံမိတ်ဖွဲ့ကာ စစ်ရေးအရ ဝနယ်သို့ လာရောက်ကူညီ တိုက်ခိုက်ပေးပါရန် ဆွေးနွေးခဲ့သည်။ စစ်အောင်ပါက လက်ဆောင်ပဏ္ဏာများ ချီးမြှင့်မည်ဟုလည်း ကတိပေးခဲ့သည်။

ကချင် ကုန်သည်များလည်း သက်ဆိုင်ရာ ကချင်လူကြီးများနှင့် ဆွေးနွေးဦးမည်ဟုပြောကာ မူဆယ်ခရိုင်သို့ ပြန်သွားခဲ့ကြသည်။ ကချင်လူကြီးများ၏သဘောတူညီချက်ဖြင့် ကနော့ဒူဝါဦးဟူခေါင် (ဆယ်စွယ်ပုတီးပိုင်ရှင်)၊ ရှလောဒူဝါဦးဗျတ် (စွန်ခြေသည်ပုတီးပိုင်ရှင်)၊ ဝေါ့နေဒူဝါဦးခေါင်ဒေါင် (အကြားအမြင်ပေါက်သူ) တို့သည် ဝလူမျိုးများနှင့်ပူးပေါင်းကာ ရန်သူကို တိုက်ထုတ် ချေမှုန်းနိုင်ခဲ့ကြသည်။ ဝစော်ဘွားကြီးက ကတိအတိုင်း လက်ဆောင်ပဏ္ဏာမည်မျှပေးရမည်ကို စကားဆိုသည်။ ကချင်လူကြီးများက လက်ဆောင်ပဏ္ဏာချီးမြှင့်ရန် မလိုကြောင်း၊ မိမိတို့ ကချင်လူမျိုးများကို ဝနယ်တွင် နေထိုင်ခွင့်ပြုရန် တောင်းဆိုခဲ့ကြသည်။ ဝစော်ဘွားကြီး ဂျောင်ဂွန်လည်း သဘောတူလက်ခံခဲ့သည်။

ဤသို့ဖြင့် ကနော့ဒူဝါဦးဟူခေါင်မျိုးနွယ်စုကို ယခုဝအထူးဒေသ ၂ နားဝီးမြို့နယ် ကုန်းဆာဒေသ၊ ရှလောဒူဝါ ဦးဗျတ်မျိုးနွယ်ကို ယခု ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့၊ ပန်ကောက်ဒေသတွင် လည်းကောင်း၊ ဝေါ့နေဒူဝါ ဦးခေါင်ဒေါင်မျိုးနွယ်စုကို ယခု ဝအထူးဒေသ ၂ နားဝီးဒေသ၊ မိန်းကူတစ်ဝိုက်တွင် နေထိုင်ခွင့်ပြုခဲ့သည်။ ထိုအချိန်ကစ၍ ဝတောင်တန်းတွင် ကချင်လူမျိုးများ ပြန့်နှံ့နေထိုင်ခဲ့ကြသည်။ ထို ပန်ကောက်ရွာသည် ကချင်စစ်သူရဲကောင်း ရှလောဒူဝါဦးဗျတ်၏ မျိုးနွယ်များပင် ဖြစ်မည်။ ၁၉၄၂ ခုနှစ်ပန်လုံဒေသကို ပန်းဆေးတရုတ်များ အုပ်စိုးလာသော အချိန်တွင်လည်း ကချင်လူမျိုးတို့သည်ဝလူမျိုးများနှင့် ပူးပေါင်းချေမှုန်းခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် တွန်းလှန် တိုက်ထုတ်နိုင်ရာ စစ်အောင်ပွဲကို ကုန်းဆာရွာလကားကူး (La Kar Ku) တွင် နတ်ပူဇော်ပြီး စစ်အောင်မနောပွဲကို ကျင်းပခဲ့ကြသည်။


၁၉၅၄ ခုနှစ် ပန်လုံ ဝစော်ဘွား စဝ်ခွန်ဆမ်လက်ထက်တွင် ကချင်မျိုးနွယ်စုများသည် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့သည်။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင်လည်း ကချင်မျိုးနွယ်စုမှ ပါတီကောင်စီတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ယခုအခါ ဝတောင်တန်းမှ ကချင်လူမျိုးများသည် နိုင်ငံ့ဝန်ထမ်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများဖြင့် လုပ်ကိုင်အသက်မွေးကြပြီး မျိုးဆက်သစ်လူငယ်များသည် နိုင်ငံရပ်ခြားတွင် ပညာသင်ကြားခြင်း၊ အလုပ်တာဝန်ထမ်းဆောင်ခြင်းများကို ဆောင်ရွက်လျက် ရှိကြသည်။ ယခုအခါပန်ကောက်ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့သည်လည်း ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ရင်း ရာသီပွဲများတွင် နွဲပျော်လျက်ရှိကြလေသည်။ ■

ရည်ညွှန်း - ကချင်လူမျိုးများ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့ ဆင်းသက်လာပုံ သမိုင်းအကျဉ်း (ချမ်းတိန်)
‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မော်ကွန်း










**တုတ်ထိုး** - စားတော့သောက်တော့ သူတို့ အန်ဖတ်ကျုံးမှ ပြည်သူဆိုတော့ ဒါက မမျှတဘူး။
**အိုးပေါက်** - ဘာတွေ မမျှတနေတာတုန်းဗျ။

**တုတ်ထိုး** - ဧရာဝတီကို ပြန်ရွေးယူကြမယ်ဆိုပြီး ပြည်သူ တစ်ယောက်တစ်ဒေါ်လာ ထည့်ဖို့ ဆွေးနွေးနေကြတယ်။
**အိုးပေါက်** - ခင်ဗျားက ဘာဖြစ်လို့ မထည့်ချင်ရတာတုန်း။

**တုတ်ထိုး** - ခင်ဗျား စဉ်းစားကြည့်လေ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတုန်းကလည်း ပြည်သူတွေရဲ့ ထောက်ခံမှု ရာနှုန်းပြည့်နီးပါး ရတယ်ဆိုပြီး ပြဌာန်းခဲ့တယ်။ ပြည်သူတွေ ဘာမှမသိခဲ့ဘူး၊ အခုလည်းကြည့် မြစ်ဆုံစီမံကိန်းမှာ ဘယ်သူတွေက ဘာတွေ သဘောတူထားပြီး ဘာအချက်အလက်တွေပါတယ်၊ ဘယ်လို အပေးအယူတွေ လုပ်ထားတယ်ဆိုတာ ဘာမှမသိရဘဲနဲ့။ တစ်ယောက်တစ်ဒေါ်လာနဲ့ ၁၅ ကြိမ်လောက် ဆပ်ကြရမယ့် အစီအစဉ်ဟာ တရားရဲ့လား၊ မျှတရဲ့လား။ သင်ဇာဝင့်ကျော်လောက်မှ ပွင့်လင်းမြင်သာမှု မရှိတဲ့ စီမံကိန်းတွေအတွက်တော့ တုတ်ထိုးတို့က နိုးပါခင်ဗျား။
**အိုးပေါက်** - တရားသွားအောင်၊ မျှတသွားအောင် ဒီလိုလုပ်ပါလား။

**တုတ်ထိုး** - ဘယ်လို လုပ်မှာတုန်း။
**အိုးပေါက်** - ခင်ဗျားက တစ်ဒေါ်လာထည့်။ ခင်ဗျားတစ်ဒေါ်လာထည့်ရင် ဦးသန်းရွှေက တစ်ဒေါ်လာ၊ ဦးခင်ညွန့်က တစ်ဒေါ်လာ၊ ဦးသိန်းစိန်က တစ်ဒေါ်လာ၊ ဟိုအဘ တစ်ဒေါ်လာ၊ ဒီအဘ တစ်ဒေါ်လာ။

**တုတ်ထိုး** - အင်း။
အိုးပေါက် - ပြီးတော့ ကျုပ်လည်း တစ်ဒေါ်လာထည့်မယ်။ ကျုပ် တစ်ဒေါ်လာထည့်ရင်လည်း ဦးသန်းရွှေက တစ်ဒေါ်လာ၊ ဦးခင်ညွန့်က တစ်ဒေါ်လာ၊ ဦးသိန်းစိန်က တစ်ဒေါ်လာ၊ ဟိုအဘ တစ်ဒေါ်လာ၊ ဒီအဘ တစ်ဒေါ်လာ။

**တုတ်ထိုး** - အင်း ပြီးတော့ရော။
**အိုးပေါက်** - သူက တစ်ဒေါ်လာထည့်မယ်ဆိုရင် ဦးသန်းရွှေက တစ်ဒေါ်လာ၊ ဦးခင်ညွန့်က တစ်ဒေါ်လာ၊ ဦးသိန်းစိန်က တစ်ဒေါ်လာ၊ ဟိုအဘ တစ်ဒေါ်လာ၊ ဒီအဘ တစ်ဒေါ်လာ။ အဲ့ဒီအတိုင်းပဲ ပြည်သူတစ်ယောက်က တစ်ဒေါ်လာစီထည့်တိုင်း အဲ့ဒီပုဂ္ဂိုလ်တွေက တစ်ဒေါ်လာစီထည့်။ ဒါတောင် မျှတဦးမလား မသိဘူး။

**တုတ်ထိုး** - ဧရာဝတီကို ပြန်ရွေးယူဖို့ တစ်ယောက်တစ်ဒေါ်လာ ထည့်ဖို့ ပြောတယ်။ ကျုပ်တို့လည်း ဧရာဝတီကို ချစ်ပါတယ်။ ဒါပေမယ့် ခင်ဗျား စဉ်းစားကြည့်၊ ပစ္စည်းတစ်ခု ပေါင်တယ်ရောင်းတယ်ဆိုတာ ပေါင်သူရောင်းသူ ရှိရမယ်။ လက်ခံသူ ရှိရမယ်။ အခု ဧရာဝတီကို ပြန်ရွေးယူကြမယ်ဆိုတော့ အပေါင်ခံတဲ့သူက တရုတ်ကြီး၊ ဒါပေမယ့် ပေါင်တဲ့သူက ဘယ်သူလဲ။ ဘယ်မှာလဲ။ အခုဟာက ပေါင်တဲ့သူရောင်းတဲ့သူ မသိမရှိရဘဲ ကျုပ်တို့ပြည်သူတွေက ဝင်ပြီး မိအေး ခါးနာရတဲ့ ကိန်းပဲဗျ။
**အိုးပေါက်** - ဟုတ်ပ့ါဗျာ။ ကြွေးတင်ရှင် ရရင်ဆပ်တဲ့၊ ဘယ့်နှယ် အခုကျမှ ကျုပ်တို့ပြည်သူတွေက ဆပ်ရမယ်ဆိုတော့ စဉ်းစားလေ အသည်းပေါက်လေပဲ။

**တုတ်ထိုး** - စားတော့ သူတို့အိတ်ထဲ ထည့်။ လျော်ရမယ်ဆိုမှ ပြည်သူဆိုတော့။
**အိုးပေါက်** - အစိုးရအဆက်ဆက် ခြစားခဲ့တာကို ပြည်သူက တာဝန်ယူပေးနေရတဲ့ အဖြစ်ပါဗျာ။

**တုတ်ထိုး** - တစ်ခုတော့ ပြန်တွေးမိတယ်။ ဧရာဝတီကို ပြန်ရွေးဖို့ ဒေါ်လာတွေ ရမယ့်နည်းပေ့ါ။
**အိုးပေါက်** - ဟုတ်လား။ ပြောပါဦးဗျာ။

**တုတ်ထိုး** - မြစ်ဆုံစီမံကိန်းလုပ်ဖို့ လက်မှတ်ထိုး သဘောတူသူတွေရော၊ နောက်ကွယ်က ပါဝင်ခဲ့တဲ့သူတွေရော သူတို့အားလုံးရဲ့ ရုပ်ထုကို ထု။ မြို့တိုင်းနယ်တိုင်းမှာ သူတို့ရုပ်တုတွေ ပြထား။ အဲ့ဒီလူတွေရဲ့ ရုပ်တုကို တံတွေးတစ်ခါထွေးရင် တစ်ဒေါ်လာ သတ်မှတ်ထားလိုက်။ ဟဲ ဟဲ။ ရောမမြို့ကြီးကိုတောင် ဝယ်လို့ ရဦးမယ်။
**အိုးပေါက်** - မဆိုးဘူး။ အဲ့ဒီ အစီအစဉ်ကို လွှတ်တော်မှာ တင်ခိုင်းဖို့ အမတ်တစ်ယောက်လောက်တော့ ရှာဦးမှပါ။

**တုတ်ထိုး** - မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းရေးအတွက် ပြည်သူတွေအားလုံးက လိုလားကြတယ်။ ဆန္ဒတွေ ဖော်ထုတ်ကြတယ်။ တစ်ဒေါ်လာနဲ့ ပြန်ရွေးယူကြမယ့် အစီအစဉ်တွေ ချပြကြတယ်။ တစ်ဒေါ်လာနဲ့ ရွေးမယ့်နည်းလမ်းတွေ၊ စီမံကိန်း မလုပ်ဖို့ ဆန္ဒဖော်ထုတ်တဲ့နည်းတွေ ဘာပဲပြောပြော ဒါတွေဟာ ဘာကို ဖော်ပြနေသလဲဆိုတော့ ပြည်သူလူထုဟာ ဒီစီမံကိန်းကို မလိုလားဘူး။ ဧရာဝတီကို အသက်နဲ့လဲပြီး ကာကွယ် စောင့်ရှောက်ကြမယ်ဆိုတဲ့ အဓိပ္ပါယ်ပဲဗျ။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ မကြာခင်မှာ တရုတ်နိုင်ငံသွားဖို့ ရှိတယ်။ သူ မသွားခင် One dollar Campaign တွေ ဆန္ဒထုတ်ဖော်တာတွေ ပေါ်လာတာတွေဟာ ကောင်းတယ်။ ဒါဘာကို ဖော်ပြနေသလဲဆိုတော့ ပြည်သူလူထုက စီမံကိန်းကို သဘောမတူပါဘူးဆိုတဲ့ သတင်းစကားရသွားတာပဲဗျ။ ပြီးတော့ ပြည်သူလူထု သဘောမတူတဲ့ကိစ္စ မလုပ်ပါဘူးဆိုတဲ့ တာဝန်ခံပြောခဲ့ကြတဲ့ အစိုးရပဲဗျ။ တာဝန်ယူမှု၊ တာဝန်ခံမှုကို ပါးစပ်ကမချ ပြောခဲ့ကြတဲ့ သူတွေအနေနဲ့ သူတို့ရဲ့ပုံရိပ်ကို ဘယ်လောက်ထိ တက်အောင် လုပ်နိုင်လိမ့်မယ်ဆိုတာ အရေးကြီးပါလိမ့်မယ်။
**အိုးပေါက်** - မြစ်ဆုံစီမံကိန်း လုံးဝ ရပ်ဆိုင်းနိုင်ပ့ါမလား။

**တုတ်ထိုး** - ကျုပ် တစ်ဦးတည်းအမြင် ပြောရရင်တော့ မြစ်ဆုံစီမံကိန်း လုံးဝ ရပ်ဆိုင်းပါလိမ့်မယ်။
**အိုးပေါက်** - ဘာဖြစ်လို့ ပြောနိုင်တာလဲ။

**တုတ်ထိုး** - မြစ်ဆုံစီမံကိန်းဟာ ၂၀၂၀ ရွေးကောက်ပွဲအပေါ်မှာလည်း အကျိုးသက်ရောက်မှု ရှိနိုင်ပါတယ်။ ဆိုကြပါစို့ဗျာ။ လက်ရှိအစိုးရဟာ မြစ်ဆုံစီမံကိန်းကို သဘောတူခဲ့ရင် ၂၀၂၀ ရွေးကောက်ပွဲမှာ မဲတွေ ဆုံးရှုံးသွားနိုင်တယ်။
အိုးပေါက် - အင်း ဒါလည်း စဉ်းစားစရာပဲ။

**တုတ်ထိုး** - မြစ်ဆုံစီမံကိန်းကို လုံးဝရပ်ဆိုင်းနိုင်ခဲ့တယ်ဆိုရင် NLD အစိုးရအနေနဲ့ ပြည်သူလူထုနဲ့ ယုံကြည်မှုတွေ ရရှိပါလိမ့်မယ်။ ဒါကြောင့် မြစ်ဆုံစီမံကိန်းကိစ္စဟာ ၂၀၂၀ မှာလည်း အကျိုးသက်ရောက်နိုင်လို့ NLD အစိုးရအနေနဲ့ ပြည်သူလူထုရဲ့ မျက်နှာကြည့်ပြီး ရပ်ဆိုင်းဖို့ ကြိုးစားပါလိမ့်မယ်။
**အိုးပေါက်** - ဦးသိန်းစိန်လို ခေတ္တဆိုင်းငံ့ထားတာမျိုးရော ထပ်ဖြစ်နိုင်သေးလား။

**တုတ်ထိုး** - မဖြစ်နိုင်တော့ပါဘူး။
**အိုးပေါက်** - ဘာဖြစ်လို့လဲဗျ။

**တုတ်ထိုး** - ဆိုင်းငံ့ထားတယ်ဆိုတာ လုံးဝရပ်ဆိုင်းထားတာ မဟုတ်ဘူး။ ပြည်သူလူထု လိုလားတာဟာ ဆိုင်းငံ့တာကို လိုချင်တာမဟုတ်ဘူး။ လုံးဝရပ်ဆိုင်းတာကို လိုချင်တာပါ။ ဒီတော့ စီမံကိန်းဟာ အနှေးနဲ့အမြန် ရပ်ဆိုင်းပါလိမ့်မယ်လို့ ကျုပ်တော့ တွေးထင်မိတယ်ဗျို့။
**အိုးပေါက်** - ဒါနဲ့ တရုတ်အစိုးရဘက်က ဝန်ခံထားတာတွေထဲမှာ စာချုပ်ချုပ်ဆိုတုန်းက ဒေါ်လာသန်းချီပေးပြီး ချုပ်ဆိုရတယ်ဆိုတာ ဝန်ခံထားတာတွေ ရှိပါတယ်။ လာဘ်ထိုးပြီး စာချုပ်ချုပ်ထားတာဆိုရင် ဥပဒေနဲ့ မညီဘူးဗျ။ ဒီတော့ ဖျက်သိမ်းလို့ရတယ်ဗျ။

**တုတ်ထိုး** - ကျုပ် ဖတ်ဖူးကြားဖူးတာတွေ နိုင်ငံတော်အဆင့် စာချုပ်တွေမှာ မမျှော်မှန်းနိုင်သော အခြေအနေပေါ်ပေါက်လာခဲ့ရင် ဖျက်သိမ်းခွင့်ရှိတယ်ဆိုတာ ပါတယ်ဗျ။
**အိုးပေါက်** - မမျှော်မှန်းနိုင်သော အခြေအနေဆိုတာ ဘာတုန်း။

**တုတ်ထိုး** - မမျှော်မှန်းနိုင်သော အခြေအနေဆိုတာက ဗျာ။ စီမံကိန်း ဆောင်ရွက်တဲ့နေရာမှာ စစ်မက်ဖြစ်ပွားတာ၊ ရောဂါကပ်ဆိုက်တာ၊ သဘာဝအန္တရာယ်ကျရောက်တာ၊ အစိုးရမူဝါဒ ပြောင်းလဲပြီး ဆက်လက်မဆောင်ရွက်နိုင်ရင် ဖျက်သိမ်းခွင့်ရှိတယ်တဲ့ဗျ။
**အိုးပေါက်** - ဒါဆိုရင် ဘာဖြစ်မလဲဗျ။

**တုတ်ထိုး** - ဖျက်သိမ်းခဲ့ရင် ဘာလျော်ကြေးမှ ပေးစရာ မလိုပါဘူး။ တစ်ဒေါ်လာလည်း ပေးစရာမလိုဘူးပေ့ါဗျ။
**အိုးပေါက်** - ကိုင်း ဧရာဝတီအတွက် ကျုပ်တို့ ဆုတောင်းလိုက်ကြပါစို့။ တစ်ဒေါ်လာဘေးမှလည်း ကင်းဝေးကြပါစေ။ ဒေါ်လာလိုလို့ ဟိုဟိုဒီဒီ အဘတွေရဲ့ ရုပ်တုတွေ ထုတဲ့အခါမှာ ဒေါ်လာတွေ ခဏခဏပေးပြီး တံတွေးထွေးနိုင်ကြပါစေ။ ■



မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com   http://www.facebook.com/myitkyinanewsjournal.mm   Youtube - myitkyinanewsjournal
( ဧပြီ ၂၉ ၊ ၂၀၁၉ )

Salai မေးမြန်းသည်



ဒေါ်နန့်ပူ၏ ထောင်တွင်း ၄လတာ အတွေ့အကြုံ တွေ့ဆုံမေးမြန်းချက်

# "မြစ်ကြီးနားအကျဉ်းထောင်မှာ အမျိုးသမီးတွေက စာကြည့်တိုက်လည်း သွားခွင့်မရဘူး၊ အမျိုးသားတွေက သွားခွင့်ရတယ်။

## အမျိုးသမီး အကျဉ်းထောင်တွေထဲမှာ စာကြည့်တိုက်ကို သွားခွင့်ရအောင် ဆက်ပြီး အရေးဆိုဖို့အတွက်ကို စဉ်းစားထားတယ်"

ယမန်နှစ် ဧပြီလအတွင်းက တနိုင်းဒေသတွင် တိုက်ပွဲများကြား ပိတ်မိခဲ့သော ရွာသားများကို အမြန်ဆုံး ကယ်တင်ပေးရန် မြစ်ကြီးနားမြို့တွင် ဆန္ဒဖော်ထုတ်ခဲ့သူများမှ ဦးဆောင်သူ သုံးဦးကို တပ်မတော်အသေရေပျက်စေမှု ပုဒ်မ ၅၀၀ ဖြင့် ထိုနှစ်ဒီဇင်ဘာလ ၇ ရက်နေ့က ထောင်ဒဏ် ၆ လ နှင့် ငွေဒဏ်ကျပ် ငါးသိန်းစီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထောင်ခြောက်လ ချမှတ်ခံခဲ့ရသည့် ဦးဇော်ဂျတ်၊ ဦးလွမ်းဇောင်း၊ ဒေါ်နန့်ပူတို့ သုံးဦးအနက် ဒေါ်နန့်ပူမှာ ကျန်းမာရေးအခြေအနေအရ ပြစ်ဒဏ်လေးလ ကျခံပြီး ယခုနှစ် ဧပြီလ ၅ ရက်နေ့က ပြန်လည် လွတ်မြောက်လာခဲ့ပါသည်။

သူမသည် ကျား/မတန်းတူညီမျှရေး ဖောင်ဒေးရှင်းတစ်ခု၏ ဒါရိုက်တာတစ်ဦးဖြစ်သည်နှင့်အညီ မြစ်ကြီးနားအကျဉ်းထောင်တွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို အနီးကပ်တွေ့ကြုံခံစားခဲ့ရသည့်အတွက် ၎င်း၏ အတွေ့အကြုံများကို မြစ်ကြီးနားသတင်း ဂျာနယ်က တွေ့ဆုံမေးမြန်းထားပါသည်။

**ဆရာမက ကျန်တဲ့ ကိုလွမ်းဇောင်းတို့ထက် စောပြီး အရင်လွတ်မြောက်လာရတဲ့ အကြောင်းလေး အရင်ဆုံးသိပါရစေ။**

ကျွန်မရဲ့ရှေ့နေက ဒေါ်ဒွဲဘူဖြစ်တယ်။ ဆက်ပြီး အကျဉ်းကျခံနေရသေးတဲ့ ဆရာဇော်ဂျတ်နဲ့ ဆရာလွမ်းဇောင်းတို့ ရှေ့နေကတော့ မုန်ဆိုင်းတူးဖြစ်တယ်။ ဆရာမဒေါ်ဒွဲဘူ နိုင်ငံရေးအမှုတွေ လိုက်ဖူးတယ်။ အတွေ့အကြုံရှိတဲ့ ဝါရင့်ရှေ့နေတစ်ယောက်ဖြစ်တယ်ဆိုတော့ ကျွန်မကထောင်ထဲမှာ ရှိနေတဲ့အချိန်မှာ သူတို့နဲ့မတူတဲ့ အချက်တွေ ရှိတယ်။ မတူတာက အမျိုးသမီး အကျဉ်းသူတွေအတွက် သီးသန့်အကျဉ်းထောင် မရှိဘူး။ အကျဉ်းချခံရတဲ့ အကျဉ်းသူ ၅၀၀ ကျော်နဲ့အတူ ကျွန်မက နေရတယ်။ ဒီဇင်ဘာလ ၇ ရက်နေ့မှာ ဝင်ရတော့ ကျွန်မအရမ်းပဲ နာမကျန်းဖြစ်နေတယ်။ နွေရာသီမှာတောင် ကျွန်မက ရေနွေးနဲ့ရေချိုးတာ ဟိုမှာက ရေပူရေအေး မရဘူး။ ရေချိုး၊ ထမင်းစား၊ အိပ်တဲ့နေရာတွေလည်း အဆင်မပြေဘူး။ လူအများနဲ့ နေရတယ်။ အော်တာ၊ ဟစ်တာ၊ ဆဲတာ။ ပြီးတော့ ပြစ်ဒဏ်ပေးတာတွေပဲ ကျွန်မက ခံနေရတယ်ဆိုတဲ့ အပိုင်းတွေ ကျွန်မပြောပြတာပေါ့နော်။ ကျွန်မ မကျန်းမာဘူး။ ရောဂါအခြေအနေတွေ စားနေတဲ့ဆေးတွေနဲ့ ကျွန်မပြနေကျ သမားတော်ဆီက ထောက်ခံစာနဲ့ ဆေးမှတ်တမ်းတွေ၊ ဓာတ်မှန်တွေနဲ့ အကုန်လုံးကို ဒေါ်ဒွဲဘူက ယူပြီးတော့မှ ပြည်နယ်တရားလွှတ်တော်မှာ ကျွန်မကို ၂ လ လျှော့ပေးဖို့ အယူခံဝင်တယ်. . .။ ဒါကြောင့် ၄ လနဲ့ပဲ ထွက်လာရတာ ဖြစ်ပါတယ်။ ဒါက ရှေ့နေဒေါ်ဒွဲဘူရဲ့ အားထုတ်မှုနှင့် လမ်းကြောင်းရှာမှုကြောင့် ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်မက ထွယ်ဂျန်ဒါကို ဦးဆောင်ပြီးမှ အမျိုးသမီးအရေးကို တာဝန်ယူပြီးလုပ်ရတဲ့လူက ထောင်ထဲမှာ ရှိနေတဲ့အခါ အလုပ်တွေအများကြီးပဲ ထိခိုက်လာတယ်။ ဆရာနှစ်ယောက်က လူမှုရေးခေါင်းဆောင်တော့ ဟုတ်တယ်။ ဒါပေမဲ့ ကျွန်မလိုမျိုး ရှုံးမတက်မနေရ တာဝန်ယူထားတဲ့ အပိုင်းတွေမှာ သူတို့နှစ်ယောက်နဲ့ ကျွန်မနဲ့က ကွာတယ်။ ရှေ့နေကလည်း သူက နိုင်ငံရေးသမား မဟုတ်ဘဲနဲ့ လူမှုအရေး၊ အမျိုးသမီးအရေး လုပ်တဲ့သူ၊ အမျိုးသမီးတွေ မတရားခံရတဲ့ အမျိုးသမီးတွေ စားဝတ်နေရေးတွေကို လုပ်ဆောင်ပေးနေတာ ဖြစ်တယ်ဆိုတဲ့အပိုင်းက အရေးဆိုပြီးတော့ ကျွန်မ ထွက်မလာလို့ မရဘူးဆိုပြီး ရှေ့နေလိုက်ပေးတော့ ကျွန်မ ထွက်လာရတာ ဖြစ်တယ်။

**ထောင်ထဲမှာ နေထိုင်ခဲ့ရတဲ့ လေးလအတွင်း ဘယ်လိုတွေ နေထိုင်ခဲ့ရလဲ။ ဘယ်လို လူ့အခွင့်အရေး ကျိုးပေါက်မှုတွေ ရှိနေလဲ။ ကျန်နေခဲ့တဲ့ အကျဉ်းသူတွေမှာ ဘယ်လို လူ့အခွင့်အရေးဆုံးရှုံးမှုတွေ ရှိနေလဲဆိုတာကိုလည်း ဝေမျှပေးပါဦး။**

ထောင်ထဲမှာက အကျဉ်းသူ ၅၀၀ ကျော်က ဘယ်လိုအချိန်မှာအိပ် ဘယ်အချိန်အထဲမှာနေ ဆိုလို့ နေအချုပ်ခံဆိုရင်လည်း ခံရတယ်။ စားတာသောက်တာလည်း အဆင်မပြေဘူး။ အိပ်သာ၊ ရေချိုးခန်း အဆင်မပြေဘူး။ လူတွေအများကြီး။ အထဲကအိမ်သာ သုံးလုံးက လူ ၄၀၀ လောက်ပေါင်းပြီး သွားနေရတဲ့အခါကျတော့ ကျွန်မ မကျန်းမမာဖြစ်ခဲ့တယ်။ စစချင်း ဝင်တုန်းကလည်း မကျန်းမာဘူး။ ဆောင်းတွင်းမှာဆိုတော့ ချောင်းဆိုးတယ်။ ထောင်ထဲမှာလည်း တဟွတ်ဟွတ်နဲ့ ဆိုးကြတယ်။ ညဆိုလည်း အိပ်လို့မရ၊ ဟိုနားက ချောင်းဆိုး၊ ဒီနားက ချောင်းဆိုး အော်လိုက်နဲ့ ချောင်းဆိုးသံတွေပဲ ပြည့်နေတော့ ကူးလာတာပေါ့။ ဆေးခန်းထွက်ပြီး ဆေးစားတယ်။ သက်သာလာတယ်။ ဒါပေမဲ့ ချောင်းဆိုးတဲ့သူက ရှိနေတဲ့အတွက် ပြန်ပြန်ဆိုးပြီးတော့ ၂ လကျော်ကျော်လောက် အဲ့ဒီချောင်းဆိုးတာ ဖြစ်တယ်။ ဆေးစားတယ်။ တစ်ရက် နှစ်ရက်သက်သာ ပြန်ဆိုးတယ်။ နောက်ဆုံး ဗိုက်ခေါက်တွေနာ၊ မခံနိုင်တော့ဘူး။ နောက် ဆရာဝန်ကို ခေါ်ပေးပါ၊ သလိပ်စစ်ချင်တယ်၊ တီဘီရောဂါဆိုလည်း ဆေးစားမယ်။ ဒီလိုမျိုးနေရာ ကျဉ်းကျဉ်းလေးမှာ လူအများကြီးနေတော့ ကူးစက်ရောဂါ လေအားဖြင့်ဖြစ်တဲ့ တီဘီပိုးတော့ ရှိမှာပဲပေါ့၊ တီဘီဆေးစားခဲ့သူလည်း ရှိတယ်ဆိုတော့ ပြီးရင် ယားနာဖြစ်တဲ့ လူတွေလည်း အများကြီးပဲ။ ကျွန်မအနေနဲ့က ဒါတွေကို အရမ်းစိုးရိမ်တယ်။ ကူးစက်ရောဂါဖြစ်တဲ့ ဘီပိုး၊ စီပိုးတွေလည်း ကူးပြီလို့တောင် ထင်တယ်။ ဒါတွေကို စစ်ဆေးပေးတာတွေလည်း မရှိဘူး။ ကျွန်မတို့ ထမင်းစားတာကလည်း ကော်ခွက်လေးတွေနဲ့ စားရတယ်။ ဟင်းတစ်ခွက်တည်းကို သူလည်းနှိုက် ကိုယ်လည်းနှိုက်ဆိုတော့ စီပိုးတွေက ကူးဖို့အတွက် အများကြီးဖြစ်နိုင်တယ်။ ကော်ခွက်ဆိုတာက ပူတဲ့အစားအစာကို ကြာကြာထည့်ပြီးစားရင် ကင်ဆာရောဂါတောင် ဖြစ်လာနိုင်တယ်။ ဒါကြောင့်မို့ ဒါက ကျန်းမာရေးအရ စိုးရိမ်စရာဖြစ်တယ်။ နောက်တစ်ခုကတော့ လူကြီးခရီးစဉ်ဆိုရင် မနက် ၄ နာရီကနေ နေ့လည် ၁၂ နာရီအထိ ထိုင်ခိုင်းတာတို့ ရှိတယ်။ ဒါက အကျဉ်းသူတွေ အားလုံးကို နှိပ်စက်တဲ့ပုံစံ၊ အနုနည်းနဲ့ နှိပ်စက်တယ်လို့ ပြောလို့ရတယ် ဒါက။ ဟိုတုန်းကတော့ နိုင်ငံရေးအမှုနဲ့ ထောင်ကျတဲ့သူတွေကို ဇောက်ထိုးပြောင်းပြန်ကြိုးနဲ့ ချည်ထားပြီးတော့ နှိပ်စက်တယ်လို့ ကြားတယ်။ အမျိုးသမီးတွေကိုလည်း အဲ့လိုပဲ လုပ်တယ်လို့ ကြားတယ်။ အခုတော့ အဲ့လောက်တော့ မရှိဘူး။ အများနဲ့နေတဲ့အခါ ရောဂါနဲ့ပတ်သက်တာတွေ တစ်ကိုယ်ရည်သန့်ရှင်းမှုနဲ့ ပတ်သက်တာတွေ အများကြီးပဲ အခွင့်အရေး ဆုံးရှုံးမှုတွေရှိတယ်။ ဒါတွေကို ကြုံတွေ့ခဲ့ရတယ်။

**ဆရာမ သတိပြုခဲ့မိသလောက်ဆိုရင် မြစ်ကြီးနားထောင်ထဲမှာ ပြုပြင်စရာတွေ အများကြီးရှိမှာပဲ။ ဘယ်လိုအရာတွေက အရေးတကြီးပြုပြင်ဖို့ လိုအပ်နေပြီး ဘယ်လိုအရာတွေက အချိန်ယူ ပြင်ဆင်သင့်တယ်လို့ ဆရာမသုံးသပ်မိလဲဗျ။**

အကျဉ်းထောင်ကို ချဲ့သင့်တယ်။ အကျဉ်းသူ ၁၅၀ ပဲ နေရမယ့် နေရာကို ၅၀၀ ကျော်ထားထားတော့ အကျဉ်းထောင်ကို ချဲ့ပြီးမှ ဆောက်လုပ်သင့်တယ်လို့ မြင်တယ်။ နောက်တစ်ခုက အကျဉ်းကျနေတဲ့ ၅၀၀ ကျော်ထဲက တချို့က တကယ်အပြစ်ရှိပြီးမှ ထောင်ချခံရတယ်ဆိုတာ သိပ်မတွေ့ရဘူး။ မူးယစ်မှုတွေက များတယ်။ ၈၅ ရာခိုင်နှုန်းလောက်က မူးယစ်မှုဖြစ်လိမ့်မယ်လို့ ကျွန်မထင်တယ်။ အဲ့မူးယစ်မှုတွေက ၅ နှစ်အထက်တွေ အများစုက ၁၀ နှစ် ၁၂ နှစ် ၁၇ နှစ်၊ နှစ် ၂၀ အဲ့လိုမျိုးတွေ ကချင်တွေ များကြတယ်။ ဆိုတော့ နှစ်ရှည်လများ ထောင်ထဲမှာရှိနေတယ် ဆိုလို့ရှိရင် ကော်ခွက်တွေနဲ့ ထမင်းစားလို့ရှိရင် ပူတဲ့အစားအသောက်တွေ ထည့်စားရင် ကြာလာရင် ကင်ဆာတွေ ဖြစ်လာနိုင်တယ်။ ဒါကြောင့် အသက်အန္တရာယ် ရှိနိုင်တယ်။ ဒါကြောင့် အကျဉ်းထောင်ကို ချဲ့ရင်ချဲ့၊ ဒါမှမဟုတ်ရင် အကျဉ်းသူ/သားတွေ ရှိသင့်တဲ့ ပမာဏကိုပဲ ရှိသင့်တယ်လို့ ကျွန်မမြင်တယ်။ အပြစ်မရှိတဲ့ သူတွေကို ချုပ်ထားတဲ့အခါကျတော့ နိုင်ငံတော်လည်း စားဝတ်နေရေး ပြင်ဆင်ပေးရတယ်။ တစ်ပတ်ကို အသားလေးကြိမ်ကျွေးတယ်ဆိုတော့ ပိုက်ဆံ တော်တော်ကုန်တယ်လေ။ ဒါကြောင့် တကယ်အပြစ်ရှိတဲ့သူကိုပဲ ချသင့်တယ်လို့ မြင်တယ်၊ ကြည့်ရသလောက်က အမှုတစ်ခုဖြစ်ရင် လူတစ်ယောက်က မူးယစ်ဆေးဝါးထုပ်ကို ဒီနေရာကနေ ဟိုနေရာပို့ဖို့ဆိုရင် ရောင်းစားတဲ့သူက ဒီလူကို ပို့ပေးဖို့အတွက် ခိုင်းတယ်။ သွားပို့တဲ့အခါ သူနဲ့အတူ ဆိုင်ကယ်စီးတာသော်လည်းကောင်း၊ ကားတစ်စီးထဲမှာ သော်လည်းကောင်း စီးလာတဲ့သူတွေကို ဖမ်းတယ်။ ပစ္စည်းပို့တဲ့သူရော၊ ပါတဲ့သူရော၊ ဘယ်သူ့ကို ပို့တာလဲ၊ ပို့မယ့်သူရော အမှုတစ်ခုဖြစ်လို့ရှိရင် လူ ၅ ယောက်လောက်က အချုပ်ထဲရောက်သွားပြီ။ တကယ် မူးယစ်ဆေးဝါးကို အကြီးကြီး ရောင်းစားပြီးတော့မှ လုပ်နေတဲ့ ပစ္စည်းပိုင်ရှင်က ရှေ့နေခေါ်ပြီး ပိုက်ဆံ သိန်း ၅၀၊ သိန်း ၁၀၀ ရှေ့နေ၊ တရားသူကြီးကို ပေးပြီးတော့ လုပ်စားတဲ့ ဒေါ်ဘယ်သူ၊ ဦးဘယ်သူက လွတ်သွားပြီးတော့ တကယ်လုပ်စားတာ မဟုတ်တဲ့ ၄ ယောက် ၅ ယောက်က ထောင်ထဲမှာ ရှိနေတယ်။ ထောင်ထဲမှာ လူဦးရေ များတယ်ဆိုတာက တကယ်အပြစ်ရှိတဲ့ သူက အပြင်ဘက်ရောက်ပြီးတော့ ဆက်ပြီးတော့ မူးယစ်ဆေးဝါး လုပ်နေတယ်။ ဖြစ်သင့်တာ ဘယ်လိုလဲဆိုတာက ထောင်ထဲမှာ တကယ်အပြစ်မရှိဘဲနဲ့ နှစ်ရှည်လများစွာ ခံရတဲ့သူက များတဲ့အတွက်ကြောင့်မို့ တရားစီရင်မှုက တရားမျှတမှုရှိဖို့ လိုတယ်။ ပြီးတော့ တကယ်လုပ်စားတဲ့ ပိုက်ဆံပေးပြီးတော့ အပြင်ကိုရောက်နေတဲ့ကိစ္စက မတရား အကျင့်ပျက် ခြစားမှုတွေ ရှိတဲ့အတွက်ကြောင့်မို့ အကျဉ်းသူ/သားတွေ များနေခြင်းဖြစ်တယ်။ ဒီလိုတွေ တွေ့ရတယ်၊ အကျင့်ပျက် ခြစားမှုတွေက မြန်မာနိုင်ငံမှာ အရင်ကတည်းက ရှိတယ်ဆိုတော့ ဟိုအရင်ကတည်းက ကြားတယ်။ ဒါပေမဲ့ အခု ကျွန်မထောင်ထဲမှာ ဝင်ပြီးတော့ ပြန်ထွက်လာတဲ့အခါကျမှ တရားဥပဒေစိုးမိုးရေးနှင့် တရားရေးမဏ္ဍိုင် ပြုပြင်ပြောင်းလဲရေးကတော့ အင်

မတန်မှ အရေးကြီးတယ်ဆိုတာ ပိုပြီးမြင်လာတယ်။ ထောင်ထဲမှာ တကယ်အပြစ်မဲ့ပြီးတော့မှ ကျွန်မက ၆ လပဲနေဘ်။ သူတို့က ၆ နှစ်၊ ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၇ နှစ်တွေ အများကြီးပဲ။ သူတို့ရဲ့ဘဝတွေက ဆုံးရှုံးသွားပြီ။ ကျန်နေတဲ့သားသမီးတွေက ပျက်စီးပြီးတော့မှ ဖြစ်နေတယ်။ တချို့ဆို သူတို့သားတွေက ကြီးလာပြီးတော့မှ အမေနဲ့အတူမရှိတော့ သွန်သင်ဆုံးမမယ့်သူ မရှိတော့ ပျက်စီးသွားတယ်။ လုယက်မှုတွေ လုပ်ပြီးမှ ထောင်ထဲရောက်လာ သားအမိနှစ်ယောက် ထောင်ထဲမှာ ရောက်နေတဲ့ဟာတွေလည်း အများကြီးပဲ။ အတွဲတွေ၊ တချို့အမျိုးသမီးတွေက ထောင်ဒဏ်ကြီးတဲ့အခါ သူတို့ အမျိုးသားတွေက အိမ်ထောင်ပြန်ပြုသွားတာတွေရော၊ အမျိုးသားတွေ ကျရင်တော့ အမျိုးသမီးတွေက သစ္စာရှိရှိ လာလာတွေ့တယ်။ အမျိုးသမီးတွေကျသွားရင် နောက်မှာ ကျန်ခဲ့တဲ့ ယောကျ်ားက နောက်မိန်းမ ကောက်ယူကြတယ်။ အဲ့လိုတွေ ရှိတယ်။ မြစ်ကြီးနားအကျဉ်းထောင်မှာ အမျိုးသမီးတွေက စာကြည့်တိုက်လည်း သွားခွင့်မရဘူး။ အမျိုးသားတွေက သွားခွင့်ရတယ်။ ဒါကြောင့် အကျဉ်းသူတွေကို ကျွန်မပြောခဲ့တယ်။ နင်တို့ တောင်းဆိုကြပါ။ စာဖတ်ရမယ်။ အသိပညာ ဗဟုသုတ ကြွယ်ဝမှသာလျှင် အပြင်ထွက်လို့ရှိရင် အပြင်လောကနဲ့အဆင်ပြေမှာ ဒါကြောင့် စာဖတ်ကြပါ။ စာဖတ်ခွင့်မရှိရင် တောင်းဆိုရမယ်။ တစ်ပတ်မှာ ၅ ရက် စာကြည့်တိုက်ဖွင့်တယ်ဆို တစ်ရက် အနည်းဆုံးအရင်တောင်းကြည့်ပါ။ အဲ့ ၄ ရက်မှာ ယောကျ်ားလေးတွေကို သွားခိုင်းလိုက် ဒီလိုတောင်းဆိုကြပါလို့ ကျား/မ အတူတူသွားလို့ရှိရင် မဖြစ်သင့်တဲ့ ပြဿနာတွေ ပေါ်မှာစိုးလို့ သူတို့ပစ်မှတ်ကတော့ အဲ့ဒါပေါ့။ အမျိုးသမီးရဲ့ အခွင့်အရေးက အဲ့လို ရေချိုးခန်း၊ အိမ်သာလည်း အဲ့လိုပဲ။ တစ်ကိုယ်ရည်သန့်ရှင်းမှု ပိုလုပ်ရမယ့် အမျိုးသမီးတွေက အခွင့်အရေးတွေ ဆုံးရှုံးတာ ရှိတယ်။ ကျွန်မထွက်ခါနီးမှာ ထောင်ပိုင်ကြီးက အထဲမှာ ကျွန်တော်တို့ မရှိတဲ့အခါကျတော့ အထဲက ကိစ္စတွေကို ကျွန်တော်တို့ မသိဘူး။ ကျွန်တော့်ကို ပြောပြပါဆိုပြီး ထွက်တဲ့မနက် ၆ နာရီမှာ ပြောခိုင်းတယ်။ ကျွန်မ တစ်နာရီကျော်လောက်ထိ စကားပြောခဲ့တယ်။ ထောင်ပိုင်က လူအရမ်းများတဲ့ ကိစ္စကတော့ ကျွန်တော်လုပ်လို့ မရဘူး။ တခြားကတော့ ကျွန်တော် လုပ်လို့ရတယ်လို့ ပြောတယ်။ မဟုတ်ဘူး အဘလို့။ အဘတို့ လုပ်လို့မရဘူး ဆိုပေမယ့် ထောင်ထဲမှာ ရှိသင့်တဲ့ပမာဏ အဲ့လောက်ရှိတယ်။ အခုဒီလိုဖြစ်နေတယ်ဆိုပြီး ထောင်ကိုချဲ့မလား၊ မဟုတ်ရင် ထောင်ခါမလား ဆိုတဲ့အပိုင်းတွေကို အစည်းအဝေးတွေခေါ်တဲ့အချိန်မှာ အထက်ကိုတင်ပြလို့ ရတယ်မလား။ ဒီလိုနည်းလမ်းတွေလည်း လုပ်လို့ရတာပဲ ပြောပြတော့ ရယ်ပြီးတော့ သိပ်လက်မခံချင်ဘူးပေါ့။ ဒါကြောင့် မြစ်ကြီးနားအကျဉ်းထောင်ကို ဘယ်လိုဖြစ်သင့်သလဲဆိုရင် အကျဉ်းသူတွေလျှော့ချမယ်။ အထဲက စားဝတ်နေရေး၊ ထမင်းစားဆောင်တွေ သီးသန့်ထားရမယ်။ အခုက အိပ်တဲ့နေရာမှာပဲ ထမင်းစားရတယ်။ အဲ့မှာပဲ လုပ်စရာရှိတာ အကုန်လုံး လုပ်ရတယ်။ ခွက်တွေကို အဲ့မှာပဲ ထားရတယ်။ နိုင်ငံတကာရဲ့ ထောင်တွေ ကြည့်တဲ့အခါ ထမင်းစားဆောင် ရှိတယ်လေ။ ကိုယ့်နေရာမှာစား ပုံစားပန်းကန်ခွက်တွေနဲ့ တွေ့ရတယ်။ ကျွန်မတို့ မြစ်ကြီးနားအကျဉ်းထောင်လည်း ထမင်းစားဆောင်ရှိရင် ကောင်းတယ်။ ပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့အရာတွေပါ။ လုပ်လို့မရဘူးဆိုတာ မရှိဘူး။ ကချင်ပြည်နယ်မှာ မြေကြီးတွေ အများကြီးရှိတယ်။ ဆောက်လုပ်ရေးလည်း ထောင်ထဲမှာ ဆေးရုံဆောက်တာ မီးဖိုချောင်ဆောက်တာတွေ ထောင်ထဲက အင်ဂျင်နီယာတွေ ဆောက်တာတဲ့။ ထောင်ထဲမှာ အင်ဂျင်နီယာရော၊ ဆရာဝန်တွေရော အများကြီးရှိတယ်။ ပြီးတော့ တိုးချဲ့ဆောင်တွေ ဆောက်တာလည်း အကျဉ်းသူတွေဆီက ပိုက်ဆံကို ထောင်ဝင်စာ တစ်ပတ်ကိုတစ်ကြိမ် သွားတဲ့သူကို တစ်ယောက်ကို ၂၀၀၀ ကောက်တယ်။ အဲ့ဒါကိုစုပြီး ဆောက်တာတဲ့ဆိုတော့ အစိုးရဆောက်ပေးတာ မဟုတ်ဘူးလေ။ ဒီလို အကျဉ်းသူ/သားတွေဆီက ကောက်ပြီး ဆောက်ပြီးတော့ အစိုးရကို. . တင်၊ ကျလာတဲ့ပိုက်ဆံကို သူတို့က ခေါ်စားပလိုက်တယ် ဆိုတော့ ဘာပဲဖြစ်ဖြစ် ဆောက်မယ်ဆို ဆောက်လို့ရတယ်။ နေရာထိုင်ခင်း ရဖို့အတွက် သူတို့ကမချဲ့ဘူး။ ဝန်ထမ်းတွေလည်း တိုးဖို့လိုတယ်။

**ထောင်ထဲမှာ အမျိုးသမီးဦးရေ ၅၀၀ လောက်ရှိတယ်။ ပြီးတော့ ဒီအမျိုးသမီးတွေ အများဆုံးပြစ်မှုက မူးယစ်မှုဖြစ်တယ်လို့ ဆရာမပြောတယ်။ အသက်အရွယ် အပိုင်းအခြားအရရော ဘယ်လို အသက်အရွယ်တွေက အများဆုံးဖြစ်မလဲ။**

ကျွန်မတို့ကို တစ်လတစ်ခါ အမျိုးသမီးလစဉ်သုံး ကပ်ခွာပေးတယ်။ အဲ့ချိန်မှာ ဘယ်လိုလုပ်လဲဆိုတော့ ကပ်ခွာလိုချင်တဲ့သူ နာမည်စာရင်းပေးဆိုတော့ အပေါ်ထပ်က ဘယ်လောက်ဝေပေးသလဲဆိုပြီး စပ်စုပြီး မေးကြည့်တော့ တစ်ရာကျော်တယ် ၁၂၀ လောက်ရှိတယ်။ အပေါ်ထပ်မှာ လူက ၂၀၀ လောက်ရှိတယ်။ ၁၂၀ က ကပ်ခွာကိုင်တယ် ဆိုတော့ ၈၀ နဲ့ ၁၀၀ ဝန်းကျင်က အသက် ၅၀ အထက်လို့ ပြောလို့ရတယ်။ ဆိုတော့ အရွယ်ကောင်းတွေက ထောင်ထဲမှာ ရှိနေတယ်လို့ ပြောလို့ရတယ်။ သွက်သွက်လက်လက် လှလှပပတော်တဲ့အမျိုးသမီးတွေက ထောင်ထဲမှာရှိနေတယ်၊ သူတို့ဘဝက ၅နှစ်၊ ၁၀ နှစ် ထောင်ထဲမှာ ရှိသွားပြီဆိုရင် သူတို့ဘဝတွေက အရမ်းထိခိုက်သွားပြီ။ အသက် ၆၀ အထက် အဘွားကြီးတွေလည်း ရှိတယ်။ လေဖြတ်တဲ့ အဘွားကြီးတွေ ရှိတယ်။ ကျွန်မရှိနေတဲ့အချိန်မှာတောင် ၃ ယောက်လောက်က လေဖြတ်သွားတာ ရှိတယ်။ အသက်ကြီးကြီး အဘွားကြီးတွေလည်း အများကြီးတွေ့ရတယ်။ တစ်ယောက်ဆိုရင် သူ့သားရဲ့ဘိန်းကို ရဲတွေက မိလို့ သူ့သားက မရှိဘူး။ သူ့ကို အချုပ်ထဲထည့်၊ ၁၅ နှစ်။ အဲ့လိုတွေ အများကြီးရှိတယ်။

**ဆရာမပြောပြချက်အရ မူးယစ်မှုတွေမှာ တကယ့်လုပ်ငန်းရှင်တွေက လွတ်သွားတယ်။ အသေးအဖွဲ့ ပါလာတဲ့သူ၊ အဖော်လိုက်တဲ့သူတွေက ခံရတယ်ဆိုတော့ ဒီလိုလူတွေ ထောင်ထဲမှာ ဘယ်လောက်များ ရှိနေလဲ။**

မူးယစ်မှု ၈၀ ရာခိုင်နှုန်းလောက်မှာ ၇၀ လောက်တော့ ရှိမယ် ထင်တယ်။

**ထောင်ထဲမှာ ဆရာမကိုယ်တိုင် နေထိုင်ခဲ့ရတဲ့အချိန်မှာ ထောင်တွင်းက အမျိုးသမီးတွေ အခွင့်အရေး ဘယ်လောက်ထိ ဆုံးရှုံးနေလဲ။**

အများကြီးပဲ။ ကျန်းမာရေးအရကော ဆရာဝန်က အမျိုးသားဆောင်ပဲ သွားပြီးပြန်သွားတာ။ ပညာရေးဗဟုသုတပိုင်းမှာကော ဆုံးရှုံးတယ်။ ပြီးတော့ တကယ်ဆို အကျဉ်းထောင်ထဲမှာ သင်တန်းတွေ လုပ်ပေးရင်လည်း ရတယ်။ ကျွန်မဆို အဲ့မှာ ဇာထိုးတာတွေ လုပ်တယ်။ ကုန်ကြမ်းကို ရှုံးကလူကိုမှာပြီး သူတို့ကို ထိုးခိုင်းတယ်။ သူတို့ သော့ချိတ်၊ ဘောပင်၊ အဖုံးဖုံးလို့ ရတဲ့ဟာတွေ ထိုးတယ်။ သူတို့တစ်ထောင်နဲ့ပဲ ရောင်းတယ် တဘက်တွေဆို တစ်လလောက်ထိုးတယ်။ ဒါကို တစ်သောင်းခွဲပဲရတယ်။ အဲ့ဒါတွေကို သင်ပေးပြီးတော့ ကျွန်မ အပြင်ကိုထုတ်ပြီး ပြန်ရောင်းပေးတယ်၊ ဒါကို ထောင်မှူးမက သိပ်မကြိုက်ချင်ဘူး။ လက်မှုတွေလုပ်ပြီးတော့မှ သင်ပေးရမှာ အကျဉ်းထောင်ထဲမှာ ရှိနေတဲ့အခါမှာ သူတို့ဘဝကို အပြင်ပြန်ရောက်တဲ့အခါမှာ သမာအာဇီဝနဲ့ လုပ်စားလို့ရအောင် သင်ပေးရမယ်လို့ မြင်တယ်။ ဒါမျိုး အခွင့်အရေးတွေ သူတို့မရဘူး။

နောက်တစ်ခုက သူ ဘုတ်တွေခွဲထားတဲ့အထဲမှာ စက်ဘုတ် ဆိုတာရှိတယ်။ စက်ဘုတ်ဆိုတာ စက်ချုပ်တဲ့နေရာပေါ့။ အဲ့မှာ လူ ၄၀ လောက်ရှိတယ်။ ကော်ကပ်တဲ့နေရာမှာ ၁၀ ယောက်ကျော်၊ စက်ချုပ်တဲ့နေရာမှာ ၁၀ ယောက်လောက်၊ ကြယ်သီးခုံ ဆိုတဲ့နေရာမှာ ၁၀ ကျော်၊ အဲ့လူ ၄၀ လောက်က စက်ဘုတ်ဆိုတဲ့နေရာမှာ ဝင်ဖို့အတွက် တစ်ယောက်ကို ၃ သိန်းပေးရတယ်။ စက်ဘုတ်နေရာမှာ ဝင်ချင်တယ်၊ စက်ချုပ်တတ်ချင်တယ်ဆိုရင် ပိုက်ဆံသုံးသိန်း မပေးနိုင်ရင် ဝင်လို့မရဘူး။ အဲ့ပိုက်ဆံတွေ ဘယ်ရောက်သွားလဲဆိုရင် ထောင်မှူးမနဲ့ ထောင်ပိုင်လက်ထဲကို ရောက်သွားတယ်။ ဒါမျိုးတွေပေါ့။ ပြောချင်တာက ထောင်ထဲမှာရှိနေတဲ့အခါမှာ သူတို့ ရသင့်တဲ့အခွင့်အရေးကို သူတို့မရဘူး။ လူသားတစ်ယောက်အနေနဲ့ လေ့လာချင်တယ် မရဘူး။ ကျွန်မရောက်သွားတဲ့အခါ ကျွန်မလုပ်ပေးတယ်။ ဒါပေမဲ့ နောက်ပိုင်း ကုန်ကြမ်းသွင်းတယ်။ နောက်ပိုင်း မသွင်းခိုင်းတော့ဘူး။ ကျွန်မကို အဲ့ထဲမှာ အပ်တစ်ချောင်းပါတယ်၊ မသွင်းခိုင်းဘူး။ တကယ်ဆို အထဲမှာ အပ်ကိုင်တဲ့သူတွေ အများကြီးရှိတယ်။ ကျွန်မက ကြံဖန်ပြီးတော့မှ ထောင်မှာ သာသနာလုပ်တဲ့ဆရာနဲ့ သွင်းတယ်။ အခုသူတို့ဆီက ပစ္စည်းတွေရပြီ အများကြီးပဲ။ ကျွန်မတို့လုပ်ထားတာ ရောင်းမယ်။ ရောင်းပြီး သူတို့အတွက် ပိုက်ဆံရှာမယ်။ ဒုက္ခရောက်တဲ့သူတွေကို ကူညီတာတို့ ဆေးဖိုးဝါးခပေးတာတို့ လုပ်ပေးမယ်။ ပြောချင်တာကတော့ သူတို့ကို လက်မှုကို လုပ်ပေးသင့်တယ်။ အခွင့်အရေးဆုံးရှုံးမှု ဘယ်လောက်ရှိလဲဆိုရင် အသိပညာ ဗဟုသုတပိုင်း ရသင့်တာကို မရဘူး။ ကျန်းမာရေးပိုင်းတွေက ပြီးတော့ ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်ဆို ဒေါ်အောင်ဆန်းစုကြည်က ထောင်ထဲကို မလာဘူး။ သူ့ခရီးစဉ်ပြီးလို့ ပြန်သွားပြီဆိုပေမယ့် ၄ရက်လောက်က တန်းထိုင်ခိုင်းတယ်။ အစကပြောတဲ့အတိုင်း မနက် ၄ နာရီကနေ နေ့လယ် ၁၂ နာရီအထိ အဲ့မှာ ကျွန်မ ထိုင်ပြီးပြောလိုက်သေးတယ်။ နောက်တစ်ခါ သမ္မတလာတယ်တဲ့ပဲ ကြားလိုက်တယ်။ တန်းထိုင်စရာ မလိုတော့ဘူး။ ဒါမျိုးတွေပေါ့။ ဒီလိုနှိပ်စက်မှုတွေက လူ့အခွင့်အရေး ချိုးဖောက်တာပဲ။ မလုပ်သင့်ဘူး။ ထမင်းစားချိန် စားရမယ်။ အခွင့်အရေး ဆုံးရှုံးတာတွေ အများကြီးပဲ။

**မြစ်ကြီးနားထောင်မှာ အမျိုးသမီးတွေ ငါးရာလောက်ရှိတယ်ဆိုတော့ ကိုယ်ဝန်ဆောင်နဲ့ ရောက်လာတာတွေ၊ ထောင်ထဲမှာ ကလေးမွေးတာတွေလည်းရှိမှာပေါ့။ အဲ့ကလေးတွေ ဘယ်လို ရင်ဆိုင်နေရလဲ။ ဆရာမအနေနဲ့ ဆိုရင်ရော ကလေးတွေကိုတော့ ဘယ်လိုလေး လုပ်ပေးရင်တော့ ကောင်းမှာပဲ ဆိုတာမျိုး တွေးမိလား။**

တချို့ဆို ကိုယ်ဝန်နဲ့ ရောက်လာတဲ့သူတွေ ရှိတယ်။ ပတ်ဂျဆန်အဖွဲ့တွေက ရိုက်ပုတ်ပြီး ရောက်လာတဲ့ အမျိုးသမီးတွေ အများကြီးရှိတယ်။ တချို့ဆို ကိုယ်ဝန်နဲ့ အထဲရောက်တော့ ကိုယ်ဝန်ပျက်ကျတဲ့သူ၊ ခြေထောက်ကျိုး၊ လက်ကျိုးတွေလည်း ရှိတယ်။ အထဲမှာရောက်တဲ့ တော်တော်များများက ပတ်ဂျဆန်ကို မုန်းကြတယ်။ ကျွန်မအနေနဲ့ ကြည့်တဲ့အခါမှာ ပတ်ဂျဆန်ရဲ့ ရည်ရွယ်ချက်က အရမ်းကောင်းတယ်။ ဒါပေမဲ့ သူတို့ရဲ့လုပ်ရပ်တွေက လူ့အခွင့်အရေးဆုံးရှုံးမှုတွေ အများကြီးရှိတယ်။ အခုက ကလေးကိစ္စမှာ တချို့က ကိုယ်ဝန်နဲ့ဝင်လာတယ်။ တစ်လ၊ နှစ်လ၊ လေးငါးလ စသဖြင့်နဲ့ ရောက်လာကြတယ်။ အဲ့ထဲမှာ ကလေးမွေးတယ်။ ကလေး ၅ နှစ်ဆိုရင်တော့ အပြင်ကို ထုတ်တယ်။ ၅ နှစ်အောက်ဆို အမေနဲ့အတူ နေခိုင်းတယ်။ အကျဉ်းသူတွေမှာ ကလေးနဲ့နေရတာ ၈ ယောက် ၁၀ ယောက်လောက်ရှိတယ်။ တချို့ကလေးတွေက ထောင်ထဲမှာပဲ ကြီးလာတယ်လေ။ အဲ့မျိုးတွေရှိတယ်။ အရမ်း ချစ်စရာကောင်းတယ်။ လိမ်လိမ်မာမာလေးတွေနဲ့၊ တချို့ကလေးတွေက ထောင်ထဲမှာပဲနေတော့ တိရစ္ဆာန်ဆိုလို့ ကြောင်ပဲ မြင်ဖူးတယ်။ ထောင်မှာကြောင် ၂ ကောင် ရှိတယ်။ ထောင်ပိုင်က တစ်ခါတလေ လာတယ်။ ခွေးက လိုက်လိုက်လာတယ်။ ကလေးတွေက ခွေးတွေ့တော့ မီးညောင်အကြီးကြီး ဆိုပြီးတော့ ပျော်နေကြတာ ကလေးတွေက။ ထောင်ထဲက ကလေးတွေ ၁၀ ယောက်လောက်ကို မူကြိုကျောင်း အစီအစဉ်ဆိုပြီး လုပ်ပေးတယ်။ သင်ပေးတာလည်း ကချင်အမျိုးသမီးတစ်ယောက်ကို သင်ခိုင်းတယ်။ ပြီးတော့ ကလေးတွေကို ကားတစ်စီးနဲ့ ထောင်ပိုင်က မြို့ခေါ်ပတ်တာ ကလေးတွေ နွားတွေတွေ့လည်း ကြောင်အကြီးကြီးထင်ပြီး အံ့သြနေကြတာ၊ တချို့ကလေးတွေက မြို့ကိုခေါ်ပတ်တော့ ကားသံ၊ ဆူညံသံ အသံပေါင်းစုံကို မကြားဖူးတော့ ကြောက်ပြီးငိုနေကြတာတွေ ကြောက်တာတွေလည်း ရှိတယ်။ ကလေးတွေအတွက် အများကြီး စိုးရိမ်စရာ ရှိတာပေါ့။

**ဆရာမက အမျိုးသမီးအခွင့်အရေးနဲ့ ပတ်သက်ပြီး အလုပ်လုပ်နေတယ်။ မြစ်ကြီးနားထောင်မှာလည်း အမျိုးသမီးတွေ အခွင့်အရေးတချို့ ဆုံးရှုံးနေတယ်ဆိုတော့ ဆရာမအနေနဲ့ တစ်ခုခုလုပ်ဆောင်ပေးဖို့ ရှိမလား။**

အထူးသဖြင့် HIV Positive တွေကို သင်တန်းပို့ဖို့အတွက် ဘယ်လိုလုပ်မယ်ဆိုတာကိုတော့ ဒါနဲ့ပတ်သက်ပြီး HIV အလုပ်လုပ်နေတဲ့သူတွေနဲ့ တိုင်ပင်ပြီးမှ စီမံကိန်းဆွဲဖို့ စီစဉ်ထားတယ်။ ပြီးတော့ အမျိုးသမီးအကျဉ်းထောင်တွေထဲမှာ စာကြည့်တိုက်ကို သွားခွင့်ရအောင် ဆက်ပြီးအရေးဆိုဖို့ အတွက်ကို စဉ်းစားထားတယ်။ နောက်ပြီးရေပူ၊ ရေအေး မရလို့ ICRC လို့ခေါ်တဲ့အဖွဲ့ လှူထားတဲ့ ရေပူ၊ရေအေးစက်ကို လှူဖို့အတွက်တော့ ထောင်ပိုင်ကြီးကို ပြောထားတယ်။ အခုက နွေပိုင်းဆိုတော့ မလိုသေးဘူး။ ရေပူရေအေးက ဆောင်းပိုင်းလောက်မှ လုပ်မယ်။ နောက် လက်မှုပညာနဲ့ ပတ်သက်ပြီး ထောင်ပိုင်နဲ့ဆွေးနွေးပြီးမှ ဘယ်လိုမျိုး ဆက်လုပ်သင့်သလဲဆိုတာကို ကျွန်မလုပ်သွားဖို့ ရှိပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျ။ ■**

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဧပြီ ၂၉ ၊ ၂၀၁၉ )

# မြစ်ဆုံအတွက် တစ်ဒေါ်လာစီ ထည့်ကြမလား

**မြစ်ဆုံရေကာတာစီမံကိန်းရပ်တန့်ရေးအတွက် ပြည်သူများအနေဖြင့် တစ်ဦးလျှင်တစ်ဒေါ်လာ ထည့်ဝင်ကာ ပြန်ရွေးမည်ဟု ရန်ကုန်မြို့နိုဗိုတယ်ဟိုတယ်တွင် ယခုလ ၂၀ ရက်နေ့က ပြုလုပ်ကျင်းပခဲ့သော ဆွေးနွေးပွဲအပေါ် ပြည်သူများ၏ အမြင် / သဘောထား**




ဒေါ်ခင်ခင်ဌေး (ရန်ကုန်တိုင်း)

စာချုပ်ကို ဘယ်လိုချုပ်ဆိုထားတယ် ဆိုတာကလည်း ကျွန်မတို့ ပြည်သူတွေအနေနဲ့ကလည်း ဘယ်သူမှ မသိကြရသေးဘူးလေ။ ဒီဟာက ဘယ်လိုချုပ်ဆိုထားတယ် ဆိုတဲ့ စာချုပ်ကြီးရဲ့ ဘယ်လိုအခန်းကဏ္ဍကို ဘာတစ်ခုမှ မသိရသေးတဲ့အခါကျတော့ အကြီးအကဲတွေ ဆုံးဖြတ်ရမယ့်ကိစ္စပေါ့နော်။ ဒါက အများပြည်သူရဲ့ သဘောဆန္ဒအရ မဟုတ်ဘူး။ အရင်တုန်းကလူတွေက ဘယ်လို ချုပ်ဆိုထားတယ်ဆိုတာ ကျွန်မတို့ မသိရဘူး။ ဦးဆောင်ထားတဲ့သူတွေ၊ ပူးပေါင်းပါဝင်ထားတဲ့ လူကြီးပိုင်းတွေက ဘယ်လို ဖြေပြမလဲဆိုတာကို ကျွန်မတို့ပြည်သူတွေက စောင့်ကြည့်ရမယ်။ အခု ပြည်သူတစ်ယောက် တစ်ဒေါ်လာထည့်ဖို့က လုံးဝထည့်ရမယ်ဆိုရင်တော့ ပြည်သူတစ်ယောက်အနေနဲ့ ပူးပေါင်းပါဝင်မှာပဲ။ အများနဲ့ ဖြစ်လာခဲ့လို့ တကယ်ကို ဆုံးရှုံးမှုလည်း ဖြစ်တယ်ဆိုရင်တော့ ကျွန်မတို့အနေနဲ့ ပြန်ရွေးဖို့ဆိုရင် အများပြည်သူနဲ့လည်း သက်ဆိုင်တယ်။ တစ်နိုင်ငံလုံးနဲ့လည်း သက်ဆိုင်တဲ့အတွက် ထည့်ဆိုလို့ရှိရင် ပူးပေါင်းပါဝင်သွားမှာပါ။



ဦးတူးခေါင်( မြစ်ကြီးနား)

မြစ်ဆုံနဲ့ပတ်သက်ပြီး ကယ်တင်ဖို့ အခုလိုပါဝင်ပြီးတော့ တစ်ဒေါ်ထည့်ဖို့ ကျွန်တော့်အနေနဲ့ သဘောကျတယ်။ ဘာလို့လဲဆိုတော့ အခုလို ကျွန်တော်တို့ ထည့်လိုက်လို့ရှိရင် တရုတ်ဘက်ကို စကားပြောဖို့ ကျွန်တော်တို့မှာ ခွန်အားတစ်ခုရစေတယ်။ တကယ် ကျွန်တော်တို့ တစ်ဖက်အနေနဲ့ ပြောရမယ်ဆိုရင် ယူစားလိုက်တဲ့ပုံစံ မဟုတ်ဘဲနဲ့ ကျွန်တော်တို့ ဒီ ဧရာဝတီမြစ်ကြီးကို ဘယ်လောက်ချစ်တယ်ဆိုတဲ့အပေါ် ကျွန်တော်တို့ပေးတာ။ အဲ့ဒီလိုမြင်မိတယ်။ ဒီတစ်ဒေါ်လာကိစ္စထည့်ဝင်ဖို့က ကျွန်တော်အတိအကျတော့ မသိဘူး။ ဒါပေမဲ့ ဒီလိုလုပ်လိုက်တဲ့အတွက် တရုတ်တွေဘက်ကနေပေးမယ့် ဖိအားတွေ လျော့သွားစေတယ်။ ကျွန်တော်တို့ ပြောဖို့ ခွန်အားရလာဖို့ဖြစ်မယ်ဆိုတာ မြင်မိတယ်။ ကျွန်တော့်အနေနဲ့ တကယ်လှုပ်ရှားမှု စတင်လာပြီဆိုရင်တော့ ထည့်ဖြစ်မှာပါ။



ဒေါ်နန်းခမ်းရင်

(ရှမ်းအမျိုးသမီးများ ဖွံ့ဖြိုးရေးကွန်ရက်မှ ဒါရိုက်တာ၊ ဝိုင်းမော်မြို့နယ်)

ပြည်သူတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် ကျွန်မတို့ မြန်မာပြည်သားတွေက နဂိုမွေးကတည်းကနေ အကြွေးပါပြီးသားလူတွေကြီးပဲ။ နောက်ထပ် တစ်ဒေါ်လာ ပြန်ပြီးထည့်ရမယ်ဆိုတော့ အားလုံးအတွက် သိပ်မလွယ်ဘူးပေါ့နော်။ မြစ်ဆုံနဲ့ပတ်သက်ပြီးမှ စာချုပ်မှာ သူတို့ ဘာတွေရေးထားလဲ။ ကိုယ်က မသိဘဲနဲ့ ဒေါ်လာနဲ့ ရွေးရမယ်ဆိုတော့. . .။ ဒါက ကိုယ့်မြေ၊ ကိုယ့်ရေ သဘာဝပတ်ဝန်းကျင်ပဲ။ ဒါပေမဲ့ ကိုယ်က ဘာမှန်းမသိ၊ ညာမှန်းမသိဘဲနဲ့ ပြန်ရွေးနေရသလိုဖြစ်နေတယ်လေ။ တကယ်လို့များ မြစ်ဆုံနဲ့ပတ်သက်တဲ့ စာချုပ်မှာပါတဲ့ အချက်အလက်တွေကို ပြည်သူတွေကိုချပြ။ အဲ့ဒီအချိန်ကျမှ ဘယ်လိုလုပ်သင့်တယ်၊ ရွေးမလား၊ ဘာလုပ်မလဲ အဲ့ဒီလိုမျိုး ဝိုင်းစဉ်းစားပြီးတော့ ရွေးတယ်ဆိုရင်တော့ တစ်မျိုးဖြစ်သွားမှာပေါ့။ အခုဟာက စာချုပ်မှာ ဘာရေးထားမှန်းမသိဘဲနဲ့ ပြန်ရွေးမယ်ဆိုတာက ကောင်းတယ်လို့ပြောပေမဲ့လည်း မကောင်းသလိုဘဲ စိတ်ထဲမှာ အဲ့ဒီလိုဖြစ်တယ်။ သူတို့ ဘယ်သူတွေက ဘယ်လိုသဘောတူထားတဲ့ စာချုပ်မှာ ဘယ်လောက်အကြွေးတင်မှန်းလည်းမသိတဲ့ဟာ ဘယ်လိုလုပ် တစ်ဒေါ်လာက ထည့်ဖြစ်မလဲပေါ့နော်။ တကယ်လို့ ပြည်သူတွေကို ရှင်းရှင်းလင်းလင်း ချပြပြီးရွေးသင့်တယ်ဆိုရင်တော့ ကျွန်မအနေနဲ့ ပါဝင်မှာပါ။



ဦးကျော်စိုးဦး(မန္တလေးမြို့)

ကျွန်တော့်အမြင်ကတော့ ဒီလှုပ်ရှားမှုတော့ ကောင်းပါတယ်။ ဒါပေမဲ့ ရန်ကုန်မြို့ကြီးလို ဟိုတယ်တွေမှာပဲ ဒီလိုမျိုးကြီးလုပ်နေတာကတော့ အဆင်မပြေနိုင်ဘူးလို့တော့ မြင်မိတယ်။ အဲ့ဒီလိုမျိုး ဟိုတယ်ကြီးတွေမှာ လုပ်မယ့်အစား ဧရာဝတီ မြစ်ဝှမ်းတစ်လျှောက်က အောက်ခြေက ပြည်သူလူထုတွေ ပါဝင်လာအောင် ပိုပြီးမှလုပ်သင့်တယ်။ ဘာကြောင့်လဲဆိုတော့ အခု အစိုးရကလည်း ပြောထားတယ်မလား"မြစ်ဆုံသည် ပြည်သူလူထုရဲ့ သဘောဆန္ဒအတိုင်းသာ ဖြစ်စေရပါမည်"ဆိုပြီး။ တကယ့်တစ်ဒေါ်လာက ပြောရမယ်ဆိုရင် ပေါင်းရင်တောင် သန်းငါးဆယ်လောက်ပဲရှိမယ်။ အဲ့ဒီတော့ သူတို့က စာချုပ်မှာ ဘယ်လောက်နဲ့ချုပ်ထားတယ်ဆိုတာ ကျွန်တော်တို့ကမှ မသိရတာ။ ကျွန်တော့်အထင်ပြောရမယ်ဆိုရင် အပြောင်းအလဲကို ထိရောက်စွာ လုပ်နိုင်ရင်တော့ ဒါတွေက ပိုပြီးမှရှေ့ရောက်မှာပေါ့။ ကျွန်တော့်အနေနဲ့က တစ်ထောင့်တစ်နေရာကနေ ကူညီချင်တဲ့အတွက် ပြည်သူတစ်ယောက်အနေနဲ့ ထည့်ဖြစ်မှာပါ။



ဒေါ်လွမ်းနော

( Township Leading Group( TLG) ၊ ဝိုင်းမော်မြို့)

ကျွန်မတို့ ပြည်သူတွေအားလုံးကလည်း ဒီစီမံကိန်းကြီးကို သဘောမကျခဲ့ဘူး။ ဒီစီမံကိန်းကိစ္စကိုတော့ ကျွန်မတို့ အားလုံးက အမြဲတမ်းကန့်ကွက်နေမှာပါပဲ။ ပြီးတော့ ဒီဟာကို အရင်က ဘယ်လိုတွေလုပ်ခဲ့တယ်။ မှားတယ်လို့တော့ မဆိုလိုချင်ပါဘူး။ တစ်ဒေါ်လာကိစ္စ ထည့်မယ့်ဟာက ကျွန်မအမြင်ပြောရရင် ဒီစီမံကန်းသာ ဆက်မလုပ်ဖို့ သေချာတယ်ဆိုရင်တော့ တစ်ဒေါ်လာပဲဖြစ်ဖြစ် ထည့်မယ်ဆိုတာတော့ ထည့်သင့်တယ်လို့ မြင်ပါတယ်။ ဘာလို့ဆို ဒီဟာကို မထည့်ဘူးဆိုရင်၊ လျော်ကြေးကို မပေးဘူးဆိုရင် ကျွန်မတို့တွေ ဒီထက်ဆိုးတဲ့ဆိုးကျိုးကို ခံစားရမယ့် အခြေအနေအများကြီး ဖြစ်လာနိုင်တယ်လို့ မြင်မိပါတယ်။ ကျွန်မအနေနဲ့တော့ ဒီတစ်ဒေါ်လာ ထည့်မယ့်ကိစ္စကို လုပ်ရင်ကောင်းတယ်လို့ မြင်မိပါတယ်။



ဦးဂဲနက်(စ်) (တရားလွှတ်တော်ရှေ့နေ၊ ဝိုင်းမော်မြို့)

ဒီဟာနဲ့ ပတ်သက်ပြီးပြောရရင် နိုင်ငံသားတစ်ဦးက အမေရိကန်ဒေါ်လာ တစ်ဒေါ်လာပေးပြီးမှ မြစ်ဆုံကို အလျော်ပေးမယ်။ အကြိမ်ကြိမ်အခါခါ၊ အထပ်ထပ်အခါခါ ထပ်ပေးပြီဆိုရင်တော့ နိုင်ငံတော်ကနေ တရုတ်နိုင်ငံအပေါ် တင်နေတဲ့အကြွေးကို လျော်ချပေးလို့ရမယ်၊ ခဝါချလို့ရမယ်ဆိုပြီးမှ ရန်ကုန်မှာလုပ်သွားတဲ့ ပွဲတစ်ပွဲကနေ မြစ်ဆုံကို အလျော်ပေးကြမယ် ဆိုပြီးတော့မှ ထွက်ပေါ်လာတယ်ပေါ့နော်။ အဲ့ဒီတော့ဗျာ ကျွန်တော်တို့က ကချင်ပြည်နယ်မှာနေတော့ မြစ်ဆုံရေ၊ ဧရာဝတီရေကို ရေချိုး၊ ရေသောက်ပြီးနေနေတဲ့ လူတစ်ဦးအနေနဲ့ ပြောလိုတာကတော့ မြစ်ဆုံစာချုပ်က ဘယ်လိုချုပ်ဆိုထားတယ်၊ ဘယ်လိုလုပ်ထားတယ်ဆိုတာ ကျွန်တော်တို့ မသိရသေးဘူး။ ယနေ့ချိန်ထိလည်း မြန်မာနိုင်ငံသားတွေ သိခွင့်မရှိသေးဘူး ဖြစ်နေတယ်။ ဆိုတော့ ကျွန်တော့်အနေနဲ့ တစ်ဒေါ်လာက ထည့်စရာအကြောင်း မရှိဘူးဗျာ။ ကျွန်တော်တို့ ပြည်သူတွေ လုပ်ထားဆောင်တဲ့ ကိစ္စလည်း မဟုတ်ဘူး။ ယနေ့ အစိုးရသစ်လုပ်ဆောင်ထားတဲ့ အရာလည်းမဟုတ်ဘူး။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ စာချုပ်ကိုကြည့်ပြီးတော့ ထည့်သင့်ရင်ထည့်ပါမယ်။ စာချုပ်ကို မမြင်ရဘဲနဲ့ ဒါအစိုးရအဖွဲ့က လုပ်ဆောင်ရမယ့်ကိစ္စကို ပြည်ပကနေပြီး အရပ်ဘက်အဖွဲ့အစည်းတွေကနေပြီးတော့ တစ်နိုင်တစ်ပိုင် လုပ်ဆောင်နေတဲ့ ရွှေ့လျားနေတဲ့ကိစ္စ ဖြစ်တဲ့အတွက်ကြောင့် သူတို့ကို ကျေးဇူးလည်းတင်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့က တစ်ဒေါ်လာထည့်ရမယ့် အနေအထားမှာလည်း မရောက်သေးပါဘူး။ အမှန်တကယ် လိုအပ်လာရင်တော့ ထည့်ပါမယ်။

Ah Je/ Benadeth

# ကချင်ပြည်နယ် တောင်သူများနှင့် အစိုးရဌာနဆိုင်ရာတို့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေး

ဧပြီ ၂၆

ပြည်နယ်တွင်းမှ တောင်သူများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ တွေ့ဆုံပွဲကို မြစ်ကြီးနားမြို့ကုန်သည်ကြီးများဟိုတယ် (Cartel Hotel) တွင်ဧပြီလ ၂၅ရက်ကပြုလုပ်ခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲကို ကချင်ပြည်နယ် တောင်သူလယ်သမားများအဖွဲ့မှ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကာ ထိုသို့ ပြုလုပ်ရခြင်းမှာ တောင်သူများ မသိနားမလည်သေးသည့် အချက်များ၊ မရှင်းလင်းသည့်အချက်များ ရှိပါက အစိုးရသက်ဆိုင်သူများနှင့် ထိပ်တိုက်တွေ့ဆုံမေးမြန်းနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ထို့အပြင် တောင်သူလယ်သမားများ အနေဖြင့် အစိုးရဌာနဆိုင်ရာလုပ်ငန်း (ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်း)များ ပိုမိုသိရှိလာစေရန်နှင့် သက်ဆိုင်ရာဌာနများ အနေဖြင့်လည်း တောင်သူများ၏ လိုအပ်ချက်များကို ပိုမိုသိရှိလာစေရန်၊ လူထုနှင့် အစိုးရတို့ အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးတင်ပြခြင်းအားဖြင့် စွမ်းရည် မြင့်မားလာစေရန်နှင့် ဒေသခံတောင်သူများ အသိပညာတိုးတက်လာစေရန်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟုလည်း ဆိုသည်။

"တောင်သူတွေ အနေနဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာများနဲ့ တွေ့ဆုံခြင်းဖြင့် တစ်ယောက်နဲ့ တစ်ယောက်ရဲ့ လွဲနေတဲ့ သဘောထား၊ အမြင် မတူတာတွေကို နားလည်မှုရသွားမယ်။ လယ်ယာမြေ၊ စိုက်ပျိုးရေးကိစ္စတွေနဲ့ပတ်သက်ပြီး ဌာနဆိုင်ရာတွေရဲ့ လှုပ်ရှားမှုကို သိသွားမယ်။ သတင်းအချက်အလက်တွေလည်း ရသွားမယ်။ တောင်သူတွေလည်း ဘာတွေ လိုအပ်နေတယ်ဆိုတာ သိသွားမှာပါ"ဟု ကချင်ပြည်နယ် တောင်သူလယ်သမားအဖွဲ့(KSFA)မှညှိနှိုင်းရေးမှူး ဦးဇော်ရှန်က ပြောသည်။

ထိုတွေ့ဆုံပွဲတွင် ပြည်နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တရားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်နှင့် မိုးညှင်းခရိုင်တို့မှ တောင်သူ ၆၀ ဦးနှင့် ကချင်ပြည်နယ် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ တက်ရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကချင်ပြည်နယ် တောင်သူလယ်သမားများ အဖွဲ့ကို ၂၀၁၃ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ကာ ၂၀၁၆ ခုနှစ်က ပထမအကြိမ် တွေ့ဆုံပွဲပြုလုပ်ခဲ့ပြီး ယခုအကြိမ်ပြုလုပ်သည့် တွေ့ဆုံမှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ တောင်သူများ သိသင့်သိထိုက်သည်များကို သိရှိစေရန် ထပ်မံ၍လည်း တွေ့ဆုံပွဲကို မကြာခဏ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ■

မွန်းမွန်းပန်

# လေပြင်းဒဏ်ကြောင့်

## ထိခိုက်ပျက်စီးသွားသော အိမ်များနှင့် ဘာသာရေးအဆောက်အဦများ ပြန်လည် ထူထောင်ရေးအတွက် အစိုးရထောက်ပံ့

မြစ်ကြီးနား၊ ဧပြီ ၂၅

မြစ်ကြီးနားမြို့နယ် အောင်မြင်သာရွာနှင့် အာလမ်ကျေးရွာတို့တွင် ဧပြီလ ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် နေအိမ်နှင့် ဘာသာရေးအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့၍ အစိုးရ တာဝန်ရှိသူများက ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှထပ်ဆင့်လာရောက် ပေးအပ်ပွဲကို အာလမ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဧပြီလ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ထိုသို့ ပျက်စီးသွားသည့် အိမ်ထောင်စု ၂၃ စု (လူဦးရေ ၁၂၂ဦး)အတွက်ငွေကျပ် လေးသိန်းကျော်ဖိုးခန့် ပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးပါ ပလပ်စတစ်ပုန်း ၂၃ စုံကိုလည်းကောင်း၊ ဘာသာရေးအဆောက်အဦ ၆ ခု ပြန်လည် မွမ်းမံတည်ဆောက်နိုင်ရန် ထောက်ပံ့ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ■

မွန်းမွန်းပန်










# Movie view

### ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ




နေ့လယ် ၁၂း၃၀ နှင့် ည ၇း၀၀ ပွဲချိန်တွင်

**ပြုံးရွှင်ရေ ပျော်ရဲ့လား**




ညနေ ၃း၃၀ ပွဲချိန်တွင်

**Avengers End Game**

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# ဖားကန့်

(၁)
ဥရုချောင်းဟာ
အချစ်တွေ အချစ်တွေ နဲ့
ဖားကန့်ကို
ရစ်ခွေ ရစ်ခွေစီးနေခဲ့တာ
နှစ်တွေ နှစ်တွေ
ထောင်သောင်းချီ. . . ။

ဘုရားသခင်
မေတ္တာကြီးလွန်းလှရဲ့
ဥရုချောင်းနဲ့ ဖားကန့်ကို
တံပိုးတင်တော်မူခဲ့တယ်။

သူတို့ချစ်ခြင်း
လှကြောင့်
မကွေကွင်းစေပြီ။

ဥရုချောင်းနဲ့ ဖားကန့်ဆိုတာ
ဒီမြေကမ္ဘာက
ဘုရားသခင်ရဲ့ မင်္ဂလာ။
ချစ်ခြင်းဟာ
မြဲသင့်ရဲ့။
ချစ်သူတို့အဖို့
ဘုရားဆုနဲ့ ပြည့်သင့်ရဲ့။

ဒါပေမဲ့
နတ်ဆိုးဟာ
ကျောက်စိမ်းကို ဖန်ဆင်း
မိုက်ဇာတ်တစ်ခု
ခင်းခဲ့တယ်။

ကျောက်စိမ်းဟာ
တိတ်ဆိတ်စွာ
အညာအတာမဲ့စွာ
လျို့ဝှက်ခမ်းနားစွာ
ဖားကန့်ကို
ရောက်လာခဲ့ပါတယ်။

သူရောက်လာတဲ့ ညနေခင်း
တိမ်တွေ
သွေးရောင်လင်းသတဲ့။
သူရောက်တဲ့ည
ငှက်စုန်းအုပ်လိုက်ကျသတဲ့။
ကျောက်စိမ်းဟာ
ဖားကန့်ဆီ
အရောက်လာခဲ့ပါတော့ယ်။

(၂)
ကျောက်စိမ်းဟာ
ဥရုချောင်းကို ရန်ရှာတယ်။
အဖန်ဖန် အခါခါ
ရန်ရှာတယ်။

ချောင်းဟာ ချောင်းအဖြစ်
မကြည်နိုင် မလဲ့နိုင်
နောက်ကျိမှိုင်တွေချ။
မနက်ဖြန်မှာ
ချောင်းဟာ ချောင်းအဖြစ်
ဘယ်လိုစီးရမယ်မသိ
မျက်စိသူငယ်နဲ့ပေါ့ ။

ကျောက်စိမ်းဟာ
ချောင်းရဲ့လည်မြိုကိုနင်း
တံတားခင်းပစ်လိုက်တယ်
. . . ။

ဟိုး တောင်ဆီက
မိုးတွေညို့လာပြီဆို
ချောင်းဟာ ငိုတယ်။
ချောင်းတန်မဲ့
သူ့ရင်ကြီး တီးတီးပြီး
ငိုတယ်။
မျက်ရည်တွေလျှံ
ပေါင်းလန်အောင် ငိုတယ်။
လောပန်းစစ်ရင်
ဘက်ဟိုးညွှန်ရာ
ရေဖြစ်သတဲ့။
ချောင်းဟာ
လောပန်းလက်မှာ
နန်းကြိုးလေး တစ်ချောင်း
ပမာ ပုံသွင်း
ချောင်းမပီအောင်
စီးဆင်းခဲ့ရပါတယ်။

ဥရုချောင်းခမျာ
ဘုရားနားညောင်းအောင်
ဘယ်လိုပင်
ဆုတောင်းသော်မရ
ချောင်း ဘဝပျက်ခဲ့ရပေါ့။

ဥရုချောင်းလေ
အချစ်တွေ အချစ်တွေနဲ့
ရစ်ခွေ ရစ်ခွေ စီးမယ်ပေါ့ ။
အခုတော့
ကျောက်စိမ်းကစားတဲ့
ယန္တယားခြေရင်း
ခြေဆင်းကျောကော့
( ဖားကန့်ရေ. . )
နှမလက်လျှော့နေလေတော့
. . . တဲ့။

(၃)
ကျောက်စိမ်းဟာ
ဘိန်းစားနက္ခတ်နဲ့
ယှဉ်ဖွားပြီး
အကုသိုလ် 'မှော်ဆရာ'
တစ်ပါး ဖြစ်တယ်။

အဲတော့
ကျောက်စိမ်းက
သွေးဆာတယ်. .
ငွေဆာတယ်
ဒုစရိုက်ဆာတယ်. .
ရက်စက်မှုဆာတယ်
မကောင်းတာမှန်သမျှ
ဆာတယ်. . ။
ဆာတော့ ရှာတယ်. . ။

အစမှာ သံတူရွှင်းနဲ့
အကုသိုလ်ကျင်းတူးပြီး
လောပန်းလောင်းသီချင်းနဲ့
ရှာတယ်။

ဖားကန့်ခမျာ
တူရွှင်းသံတညံညံ
သေနတ်သံ တဂျိမ်းဂျိမ်း
ဘိန်းခန်းတွေ ဟိန်း
သွေးအလိမ်းလိမ်းပေါ့။

မှော်အောင်တဲ့
ကျောက်စိမ်းဟာ
ကမ္ဘာပတ်ပြီး ကြွားတယ်
အတုမရှိတဲ့
သူ့အကုသိုလ်ဥပမိကြောင့်
ကျောက်စိမ်းဟာ
ကမ္ဘာကို ညို့ဖြား
ဖားကန့်သားကို စားကြ
မယ်. . . တဲ့။

(၄)
အချိန်တန် 'ယင်းထ'တော့
ဒင်းက
ဖားကန့်ဆီ ပြန်လာတယ်။

ဒီတစ်ခေါက်ပြန်အလာ
ဒီမိုကရေစီပါတယ်
ခရိုနီပါတယ်. . .
ဘဏ်ပါတယ်
ဘောက်ဆာပါတယ်. . .
ယမ်းပါတယ်
ကေတီဗွီနဲ့ မာဆတ်
ပါတယ်. . .
ဆေးပြားပါတယ်
အဲ. . .
ယန္တယားကြီးတွေနဲ့
တာကောကြီးလည်း
ပါသတဲ့ ။

ကျောက်စိမ်းဟာ
မနက်ဖြန်ဆို
ဘယ်တောင်ကိုဖြိုရမလဲ
ဒါပဲ စဉ်းစားသတဲ့။
လုပ်ကွက် လုပ်ကွက် ဆိုပြီး
လုပ်ရက်လိုက်ပုံများ
တောင်'ကြီး' ကားအောက်
နေ့မြင်ညပျောက်
ကြောက်စရာပေါ့။

တကယ်တော့
ငွေနဲ့အာဏာခတ်တဲ့ကြား
ဖားကန့်ဟာ
မြေစာပုံ ဖြစ်ခဲ့ရတာပါ။

ကျောက်စိမ်းဟာ
ကြမ်းကြုတ်မှုမှန်သမျှ
ဖာဆွယ်သလိုဆွယ်ပြီး
ဖားကန့်ဆီ
အရောက်သယ်ခဲ့တယ်။
ငြိမ်းချမ်းရေးကို မကြိုက်ဘူး
စစ်နဲ့ ပလူးတယ်။
ဥပဒေစိုးမိုးဖို့
တရားကို
သေနတ်မိုးထားတယ်။

ကျောက်စိမ်းဟာ
လာဘ်ရှင်ဖို့
လာဘ်ပေး
လာဘ်ယူလုပ်တယ်။
အခွန်ရှောင်ဖို့
အခွန်ကို အခွဲ
နဲ့ဆောင်တယ်။
ရင်းနှီးမြှုပ်နှံမှုအတွက်
ရင်းနှီးတဲ့သူတွေကို
မြှုပ်နှံပေးခဲ့တယ်။
ဖက်စပ်အကျိုးတူဖို့
အကျိုးတူတဲ့သူတွေချည်း
ဖက်စပ်ပေးခဲ့တယ်။

ကျောက်စိမ်းဟာ
ကျောက်ကိုမှန်း၍
စိမ်းခဲ့သည်. . . ဆိုတာမျိုး
ပလီပလာ အချိုးတွေနဲ့
ဖားကန့်အသားကိုလှီး
နန့်စီဖိန်း
အရက်နဲ့မြည်းတယ်။
နိုင်ငံတော်ကြီး
နိုင်ငံတော်ကြီး. . . လို့
အော်ပြီး
အဲ့ဒီ နိုင်ငံတော်ကြီးကို
ကျောက်စိမ်းဆိုတဲ့
ကောင်က
နားလှည့်ပြီး
ပါးရိုက်ခဲ့တာပေါ့။

အခုတော့
ဖားကန့်ဆိုတာ
ခွေးအ တွေ ဝိုင်းဆွဲခံရတဲ့
အသားတစ်

နေထွန်းသစ် ရေးသားသည်

တစ်တုံးမျှသာ ဖြစ်ခဲ့ရ
ဘုရားသခင်ကိုသာ
အားနာနေမိတော့တယ်။

ကျောက်စိမ်းက
လူမွေးတယ်
အဲ့ဒီလူတွေကို
'လူ'လို့မခေါ်ပဲ
'ရေမဆေး' လို့ ခေါ်တယ်။
ရေမဆေးတွေဟာ
ဘယ်တော့မှ ရေမဆေးတဲ့
လောဘတွေနဲ့
တောက်ပ နေတော့တယ်။
သူတို့ဘဝက ကြမ်းပြီး
နေစရာက ကြပ်တော့
သူတို့ဟာ အမြဲ
'ကြမ်းကြုတ်' နေကြရ။
ကျောက်စိမ်းနာရနေတဲ့
ဖားကန့်မှာ
ရေမဆေးလောက်တွေ
တဖွားဖွားကျ
လွှတ်လှနေခဲ့တယ်။

ကျောက်စိမ်းဟာ
ရေမဆေးတွေကို
"ဒီနေ့ 'ငါ' မတူးရင်
မနက်ဖြန် မင်းတို့
သေမယ်. . ."လို့
မိန့်ခွန်းတွေ ချွေတယ်။
မိန့်ခွန်း အဆုံးမှာ
ရေမဆေးတွေက
'တူးပါဗျို့. . တူးပါဗျို့
ကုန်အောင်တူးပါဗျို့. . 'လို့
မြေစာပုံအောက်ကနေ
ကြွေးကြော်ကြတယ်။
ကြွေးကြော်သံတွေ
ကြွေးကြော်သံတွေ. .
ကြောင့်
ကျောက်စိမ်းဟာ
မြေစာပုံကြီးကို
ဖြိုချပစ်တယ်။
ရေမဆေးတွေကတော့
မြေစာပုံအောက်မှာ
သေရင်
သေပြီးနောက်မှာ
'ကျောက်စိမ်း'
ဖြစ်လာမယ်လို့ ယုံသတဲ့။
ဒီလိုနဲ့
ဖားကန့်ဆိုတာ
လူတွေအတွက်တော့
(သေတဲ့အထိ)
ကျောက်မြင်သမျှ
စိမ်းနေသတဲ့။

(၅) အို
ချစ်လှစွာသော
ဘုရားသခင်
အရှင့် တံပိုးကား
လူတို့ချိုးကြလေပြီ။

မာန်နတ်ကား
ကျောက်စိမ်းအားဖြင့်
လူကို ယစ်မူးစေလျက်
ဖားကန့်ကိုဖျက်
လုပ်ရက်ကြလေပြီ။

အနာဂါတ်အဖို့ငှာရှိသော
ကိုယ်တော့် အစီအမံကို
ယုံကြည်ပါ၏။

ကျောက်စိမ်းသည်
ဥရုချောင်းဖျား
ဖားကန့်နားမှ
ကွယ်ပျောက်ပါစေသား ■

# မိုင်းနားစစ်ရှောင်တွင် တက္ကသိုလ်ဖောင်ဒေးရှင်းမှ ပညာရေးဆိုင်ရာ အီလက်ထရောနစ်

# စာကြည့်တိုက်

## အခမဲ့တပ်ဆင်ပေး



ဧပြီ ၂၃

**မိုင်း**နား စစ်ရှောင်စခန်းတွင် တက္ကသိုလ်ဖောင်ဒေးရှင်း (Tekkatho Foundation) မှ အင်တာနက်သုံးစရာမလိုဘဲ ၂၄ နာရီ အသုံးပြု၍ရနိုင်သော ပညာရေးဆိုင်ရာအချက်အလက်များကို သိုလှောင် စုစည်းထားသည့် အီလက်ထရောနစ်စာကြည့်တိုက် (Offline Library)ကို အခမဲ့ တပ်ဆင်ပေးခဲ့ကြောင်း တက္ကသိုလ်ဖောင်ဒေးရှင်းမှ Head of IT ဒေါ်မေသက်ခိုင်ငြိမ်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ အီလက်ထရောနစ်စာကြည့်တိုက်သည် လူငယ်များ၊ ကလေးများနှင့် ကျောင်းသူ/သားများ အတွက် အဓိကရည်ရွယ်ပြီး သိုလှောင် စုစည်းထားကြောင်းနှင့် အင်တာနက်မရှိသည့် နေရာများတွင်လည်း အသုံးပြုနိုင်စေရန် ပြုလုပ်ထားကြောင်းလည်း ဒေါ်မေသက်ခိုင်ငြိမ်းက ရှင်းပြသည်။

"မိုင်းနားစစ်ရှောင်စခန်းက အင်တာနက်အဆင်မပြေဘူးကြားလို့ လာတပ်ပေးတာ။ non-profit ဖြစ်တဲ့အတွက်ကြောင့် ဝေးလံခေါင်ပါးတဲ့နေရာနဲ့ အင်တာနက်သုံးလို့ အဆင်မပြေတဲ့နေရာတွေမှာ အခမဲ့လာတပ်ပေးပါတယ်"ဟု ၎င်းကပြောသည်။

တက္ကသိုလ် ဖောင်ဒေးရှင်းမှ ယင်းအီလက်ထရောနစ်စာကြည့်တိုက်အား မြစ်ကြီးနားမြို့တွင်ရှိသည့် ပညာ့တံခါး၊ မြစ်ကြီးနားတက္ကသိုလ်၊ YMCA နှင့် မိုင်းနားစစ်ရှောင်စခန်းတို့တွင် တပ်ဆင်ပေးပြီး ဖြစ်ကြောင်း၊ အလှူဒါန ပြုလုပ်ချင်သူများနှင့် တပ်ဆင်လိုသူများအနေဖြင့် http://www.tekkatho.foundation, http://www.etekkatho.0rg သို့ ဆက်သွယ်နိုင်သည့် အပြင် ဖုန်းဖြင့် ဆက်သွယ်လိုပါက ၀၉၂၅၈၈၉၃၄၃၉၊ ၀၉၂၀၀၃၀၄၂ သို့ ဆက်သွယ်မေးမြန်းမှာယူနိုင်ကြောင်း ဆက်လက်ပြောပြသည်။


အီလက်ထရောနစ် စာကြည့်တိုက်တွင် ပညာရေးဆိုင်ရာ အချက်အလက် ကဏ္ဍပေါင်း ၅၀ ကျော် ပါဝင်ကြောင်းနှင့် အသုံးပြုမည်ဆိုပါက မီတာ ၁၅၀ အကွာဝေးအထိ အသုံးပြုနိုင်ကြောင်းလည်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်



လဖိုင်ဆိုင်းရော် ရေးသားသည်

# ဧရာဝတီကို ပြန်ရွေးယူကြမယ်




> **ဧရာဝတီ တသွင်သွင် အစဉ်အမြဲ စီးဆင်းနေစေဖို့ဆိုတာ ကျွန်မနှလုံးသားနဲ့ သိပ်နီးစပ်တဲ့ အရေးတစ်ခုပဲ ဖြစ်တယ်**

**ကျွန်**မဟာ မြန်မာနိုင်ငံရဲ့ အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကြီး မြစ်ဖျားခံရာ မေခနဲ့ မလိခမြစ်ဆုံမှ ၂၇ မိုင်အကွာ မြစ်ကြီးနားမြို့မှာ မွေးဖွားကြီးပြင်းလာတဲ့ ကချင်တိုင်းရင်းသူတစ်ယောက် ဖြစ်ပါတယ်။ မြစ်နှစ်သွယ် ပေါင်းဆုံရာဒေသဖြစ်တဲ့ မြစ်ဆုံဟာ ကျွန်မတို့ ကချင်တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုအချက်အချာဒေသ ဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့အတွက် ပိုလို့တောင် အရေးပါပါတယ်။ ဒါ့ကြောင့် ဧရာဝတီသည် ကျွန်မနဲ့ ကျွန်မလို မြန်မာနိုင်ငံကို အမိမြေလို့ သတ်မှတ်တဲ့သူတိုင်းရဲ့ ဘဝအတွက် အရေးပါတဲ့ အစိတ်အပိုင်းဖြစ်တယ်လို့ ဆိုရင်လည်း မမှားပါဘူး။

ဧရာဝတီ တသွင်သွင် အစဉ်အမြဲ စီးဆင်းနေစေဖို့ဆိုတာ ကျွန်မနှလုံးသားနဲ့ သိပ်နီးစပ်တဲ့ အရေးတစ်ခုပဲ ဖြစ်တယ်။ အပြောမဟုတ်ဘဲ အလုပ်နဲ့ကျွန်မသက်သေပြခဲ့တာကတော့ ၂၀၁၄ မှာ စိတ်တူကိုယ်တူ သူငယ်ချင်းတစ်စုနဲ့ ဧရာဝတီဖောင်ဒေးရှင်းကို ထူထောင်ရာမှာ ရာမွန်မက်ဆေးဆေး ဆုကို ဖောင်ဒေးရှင်းကနေ ကျွန်မလက်ခံရရှိခဲ့တဲ့ ဆုငွေ အမေရိကန်ဒေါ်လာ ငါးသောင်းကို မတည်ငွေအဖြစ် အသုံးပြုခဲ့ပါတယ်။ ဧရာဝတီဖောင်ဒေးရှင်းရဲ့ အဓိကလုပ်ငန်းကတော့ ကချင်ပြည်နယ် အထက်ပိုင်း မြစ်ဆုံကနေ မြန်မာနိုင်ငံတောင်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသအထိ ဧရာဝတီမြစ်ကြောတစ်လျှောက် မှီတင်းနေထိုင်ကြတဲ့ မတူကွဲပြားတဲ့ ရပ်ကျေးလူထုတွေရဲ့ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနဲ့ လူနေမှုဘဝကို ထိန်းသိမ်းကာကွယ်ခြင်းဖြစ်ပါတယ်။

ဧရာဝတီမြစ်ဟာ အဖိုးမဖြတ်နိုင်တဲ့ အမျိုးသားအမွေအနှစ်တစ်ခု ဖြစ်တယ်။ ရှေးပဝေသဏီကတည်းက ဧရာဝတီမြစ်ကမ်းတစ်လျှောက်မှာ ဗမာလူမျိုးနဲ့ တခြားတိုင်းရင်းသားလူမျိုးတွေ အတူတကွနေထိုင်ကြီးပြင်းခဲ့ကြတယ်။ ဧရာဝတီဟာ အံ့ဩစရာကောင်းတဲ့ သဘာဝဂေဟစနစ် ဖြစ်ရုံသာမက ကျွန်မတို့ရဲ့ ယဉ်ကျေးမှု အမျိုးသားရေးလက္ခဏာကို ဖော်ဆောင်တဲ့ ပြယုဂ်တစ်ခုလည်း ဖြစ်ပါတယ်။

တရုတ်ပြည်မှာ ခွန်မြစ်ခေါ် မဲခေါင်မြစ်ကြီးကို ရေကာတာ ဆောက်လိုက်တော့ ကျွန်မတို့နိုင်ငံရဲ့ အရှေ့ဘက်ကပ်လျက် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေကို ခံစားနေရပြီး သူတို့ရဲ့ သဘာဝပတ်ဝန်းကျင်နာလန်မထူနိုင်တော့ပါဘူး။ ကျွန်မတို့လည်း ဧရာဝတီလို့ခေါ်တဲ့ ရတနာကို မကာကွယ်ဘူးဆိုရင် ဧရာဝတီမြစ် ပျက်သုဉ်းခြင်းရဲ့ နောက်ဆက်တွဲ အပြစ်ဒဏ်တွေကို ခံစားကြရပါလိမ့်မယ်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရဲ့ ကံကြမ္မာနဲ့ဖြစ်တည်မှုဟာ ဧရာဝတီကို ကာကွယ်စောင့်ရှောက်ခြင်းဟာ တစ်နိုင်ငံလုံးအတွက် အရေးကြီးပါတယ်။ မြစ်ဆုံရေကာတာစီမံကိန်းသာ အကောင်အထည် ပေါ်သွားရင် တိုင်းပြည်နဲ့လူမျိုးအတွက် ပြန်ပြင်လို့မရနိုင်တဲ့ ယဉ်ကျေးမှုဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနဲ့ စီးပွားရေးဆိုင်ရာ အပျက်အစီးတွေ ဖြစ်လာပါလိမ့်မယ်။ ဒါ့အပြင် ရေလွှမ်းမိုးခြင်းခံရတဲ့ ဒေသတွေနဲ့ ရေလှောင်တမံတစ်လျှောက်က ဒေသတွေက ရပ်ကျေးလူထုတွေရဲ့ ဘဝတွေအပေါ် မြစ်ဆုံရေကာတာရဲ့ ခြိမ်းခြောက်မှုကလည်း အလွန်ကြီးမားပါတယ်။ မြစ်ဆုံရေကာတာ စီမံကိန်းကြောင့် မြစ်ဆုံဒေသက ရပ်ကျေးလူထုတွေဟာ မိမိတို့ရဲ့ မိရိုးဖလာ အသက်မွေးဝမ်းကြောင်းနဲ့ မအပ်စပ်တဲ့နေရာတွေမှာ အတင်းအဓမ္မပြန်လည်နေရာချထားခြင်း ခံခဲ့ကြရပါတယ်။

မြစ်ဆုံရေကာတာ စီမံကိန်းဟာ ဆိုးကျိုးကို တိုက်ရိုက်ခံစားရမယ့် ရပ်ကျေးလူထုတွေနဲ့ တိုင်ပင်ဆွေးနွေးခြင်း မရှိတဲ့အပြင် ပွင့်လင်းမြင်သာမှုလည်း မရှိတာကြောင့် ဧရာဝတီကို အကြောင်းအမျိုးမျိုးနဲ့ ချစ်မြတ်နိုးကြတဲ့ ကချင်တိုင်းရင်းသားတွေသာမက မြန်မာတိုင်းရင်းသားလူမျိုး အားလုံးကပါ စီမံကိန်းကို ပြင်းပြင်းထန်ထန် ဆန့်ကျင်လာကြတယ်။

မြန်မာနိုင်ငံရဲ့ အရပ်ဒေသပေါင်းစုံမှာ မွေးဖွားခဲ့ပြီး ဇာတိဇာစ်မြစ်ကွဲပြားတဲ့ ကျွန်မတို့တွေဟာ လူမျိုး၊ ဘာသာစကားနဲ့ ကိုးကွယ်ယုံကြည်မှုအရလည်း ကွဲပြားခြားနားကြပေမယ့် ဧရာဝတီကို ကယ်တင်ဖို့ ကြိုးစားရာမှာတော့ တစ်စိတ်တစ်ဝမ်းတည်း ရှိကြပါတယ်။ ဒီစည်းလုံးခြင်းရဲ့ အင်အားကပဲ ကျွန်မတို့ချစ်တဲ့ ဧရာဝတီကို ပြန်ပြင်လို့မရနိုင်တဲ့ အန္တရာယ်မျိုး ကျရောက်စေမယ့် စီမံကိန်းကို ရပ်တန့်ဖို့ ကြိုးစားရာမှာ တွန်းအားပေးပါလိမ့်မယ်။ ကျွန်မတို့ မြန်မာနိုင်ငံသားတွေ တစ်ဦးချင်း တစ်ယောက်ချင်းစီက တစ်ကြိမ်ဖြစ်စေ၊ အကြိမ်များစွာဖြစ်စေ တစ်ဒေါ်လာစီ စုပေါင်းလှူဒါန်းကြမယ်ဆိုရင် တရုတ်က ငွေကြေး ထောက်ပံ့ထားတဲ့ ဧရာမ စီမံကိန်းကြီးအပေါ် တင်နေတဲ့အကြွေးကိုပြန်ဆပ်ရမယ်ဆိုရင်လည်း ပြန်ဆပ်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့ဟာ အရေးကြီးရင် သွေးနီးကြတယ်ဆိုတာ သိပ်မကြာသေးတဲ့ သမိုင်းကြောင်းကို ကြည့်ရင် သိနိုင်ပါတယ်။ ၂၀၀၈ မြစ်ဝကျွန်းပေါ်ဒေသကို ဖျက်ဆီးခဲ့တဲ့ နာဂစ်မုန်တိုင်း ကျရောက်လာခဲ့ချိန် အားလုံးအမှတ်ရကြမှာပါ။ အဲ့ဒီအချိန်တုန်းက မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းဟာ ဆူနာမီအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ရှိနေပါတယ်။ တောင်တန်းဒေသက ကချင်၊ ရှမ်း၊ ပအိုဝ်၊ ကယားတိုင်းရင်းသားတွေဟာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားတဲ့ ဒေသတွေ ပြန်လည်ထူထောင်ရေးမှာ ကူညီဖို့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနဲ့ တခြားမြေနိမ့်ဒေသက မြန်မာရပ်ကျေးလူထုတွေဆီကို အမြန်ဆင်းသွားကြတယ်ဆိုတာ ကျွန်မမျက်မြင်ကိုယ်တွေ့ပါပဲ။

ကျွန်မတို့သာ ဆုံးဖြတ်ချက်ပြတ်သားပြီး စည်းလုံးကြမယ်ဆိုရင် မြစ်ဆုံရေကာတာ တည်ဆောက်ရေးကို ရပ်တန့်နိုင်မယ်ဆိုတာ ကျွန်မ ယုံကြည်တယ်။ စီမံကိန်း ဘယ်တော့မှ ရှေ့ဆက်မသွားစေရဘူး။ အရေးကြီးတာက ကျွန်မတို့ဟာ ဘယ်ခြိမ်းခြောက်မှုကိုမှ အညံ့ခံလို့ မဖြစ်သလို ဆုံးဖြတ်ချက်ချရာမှာလည်း အားနည်းချက်တစ်စုံတစ်ရာကို ပြလို့ မဖြစ်ပါဘူး။ အကယ်၍ မလုပ်နိုင်ခဲ့ဘူးဆိုရင် ဧရာဝတီကို အသုံးချပြီး နိုင်ထက်စီးနင်း ပြုလုပ်မှုတွေနဲ့ ကျွန်မတို့နိုင်ငံကို တရစပ် အန္တရာယ်ကျရောက်မှုတွေဟာ တစ်နိုင်ငံလုံးကို ပြန့်နှံ့လာပါလိမ့်မယ်။

ဒေသခံ ကချင်တိုင်းရင်းသားတွေရဲ့ နှလုံးသားထဲမှာ မြစ်ဆုံရေကာတာကို ဆန့်ကျင်တဲ့ခံစားချက်တွေ ဘယ်လောက်တောင် ပြင်းထန်နေလဲဆိုတာ ရှင်တို့ကိုပြဖို့ အာလမ်ရွာက ကျွန်မရဲ့ အိမ်နီးချင်းတစ်ယောက်အကြောင်း ပြောပြပါရစေ။

အာလမ်ဆိုတာ မြစ်ကြီးနားနဲ့ မြစ်ဆုံကြားက ရွာလေး ဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၆ရက်နေ့ ညနေခင်းမှာ လက်တစ်ဖက်စီမှာ ကြက်တစ်ကောင်စီနဲ့ ကျွန်မအိမ်ကို သူမ ရောက်လာပါတယ်။ ကြက်နှစ်ကောင်ကို တစ်သောင်းသုံးထောင်ကျပ် နဲ့ ဝယ်ဖို့ ကျွန်မကို ပြောပါတယ်။ နောက်တစ်နေ့မနက် ၈နာရီ၊ မြစ်ကြီးနားက မနောင်ပွဲတော် ကျင်းပရာကွင်းမှာ လုပ်ဖို့ စီစဉ်ထားတဲ့ မြစ်ဆုံရေကာတာ ဆန့်ကျင်ရေး ပြည်သူ့ဆန္ဒထုတ်ဖော်ပွဲကို သွားဖို့ လမ်းစရိတ်အတွက် သူမအရေးတကြီး ငွေလိုကြောင်း ပြောပါတယ်။ ငွေရေးကြေးရေး ခက်ခဲနေပေမယ့်လည်း ရေကာတာကို ဆန့်ကျင်ဆန္ဒပြသူတွေနဲ့အတူ သူမရဲ့ မျိုးချစ်စိတ်ကို ပြသဖို့ သွားသင့်တယ်လို့ သူမ ခံစားခဲ့ရတယ်။

ကျွန်မရဲ့ အိမ်နီးချင်းဟာ သူမယာခင်းက ရသမျှလေးနဲ့ ခြစ်ခြုတ်သုံးစွဲနေရတဲ့ မုဆိုးမတစ်ယောက် ဖြစ်ပါတယ်။ မကြာသေးခင်ကပဲ သားဖြစ်သူက အလုပ်ရှာဖို့ တရုတ်နိုင်ငံကို ထွက်သွားခဲ့

စာ ..၁၆ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com  http://www.facebook.com/myitkyinanewsjournal.mm  Youtube - myitkyinanewsjournal
( ဧပြီ ၂၉ ၊ ၂၀၁၉ )

စာ .. ၁၅၊ ရောဝတီကို ပြန်ရွေးယူကြမယ် မှ »

တယ်။ သူနဲ့အတူ တရုတ်ပြည်ကို အလုပ်သွားရှာတဲ့ အဖွဲ့ကို နယ်ခြားစောင့်ရဲတွေက ဖမ်းဆီးခဲ့ပြီး တစ်ကိုယ်လုံး အကျီတွေဆွဲချွတ်ပြီး ပါလာတဲ့ပစ္စည်းအားလုံး သိမ်းယူကာ မြန်မာပြည်နယ်စပ်ကို ပြန်ပို့လိုက်တယ်။ အမေဖြစ်သူက သူမရဲ့ယာခင်း တစ်စိတ်တစ်ပိုင်းကို ရောင်းချပြီး သူမသားကို အလုပ်ရှာပေမယ့် ပွဲစားကိုပဲ အိမ်ပြန်စရိတ်ပါ ပေးလိုက်ရတယ်။ ကျွန်မရဲ့ အိမ်နီးချင်းနဲ့ သူမလို ဘဝတူတွေ မြစ်ဆုံအကြေးတွေ ပြန်ဆပ်လို့ ရေကာတာ စီမံကိန်းကြီးကို ရပ်တန့်မယ်ဆိုရင် တစ်လကို တစ်ဒေါ်လာ ရက်ရက်ရောရော ပေးနိုင်လိမ့်မယ်ဆိုတာ ကျွန်မသေချာပေါက် သိပါတယ်။

မြစ်ဆုံအကြွေးကို ပြန်ဝယ်တယ်ဆိုတာ ငြိမ်းချမ်းရေးကို ပြန်ဝယ်တယ်ဆိုတဲ့ သက်သေသာဓကလို့လည်း ပြောလို့ရပါတယ်။ ဒေါ်သတွေ၊ မကျေနပ်ချက်တွေ၊ မမျှမတ ဆက်ဆံခံရမှုအတွက် ချုပ်တည်းထားရတဲ့ ခံစားချက်တွေနဲ့ တရားမမျှတတဲ့ ကချင်တိုင်းရင်းသား မဟုတ်သူတွေအတွက်သာ အကျိုးအမြတ်ဖြစ်စေမယ့် မြစ်ဆုံရေကာတာလို လက်ဝါးကြီးအုပ် တစ်ဖက်သတ် စီမံကိန်းတွေကြောင့် ကချင်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုကိုမြင့်တက်လာစေပါတယ်။ မျိုးချစ်စိတ် ရှိမှု၊ ကချင်တိုင်းရင်းသားတွေရဲ့ ဆင်းရဲဒုက္ခကို စာနာနားလည်မှုကိုပြသတဲ့အနေနဲ့ ကချင်တိုင်းရင်းသားအားလုံးက တစ်ပြေးညီ ကန့်ကွက်နေတဲ့ စီမံကိန်းတစ်ခုကို တားဆီးဖို့ နိုင်ငံတစ်ဝှမ်းလုံးရဲ့ အားထုတ်ကြိုးပမ်းမှုကို တည်ဆောက်ယူလို့ရနိုင်တဲ့အပြင် နောက်ဆုံးမှာ တစ်နိုင်ငံလုံး ပြန်လည် နာလန်ထူနိုင်လာပါလိမ့်မယ်။

ဧရာဝတီမြစ်ဆုံရဲ့ အနောက်ဘက် တြိဂံဒေသကနေ ထွက်ပြေးဖို့ ဖိအားပေးခံရသူတွေရဲ့ အသံတွေကို နားထောင်ကြည့်ဖို့ နားတွေကို ငှားပေးရာလည်း ရောက်ပါတယ်။ မြစ်ဆုံ ရေကာတာရဲ့ ခြိမ်းခြောက်မှုကို ဖယ်ရှားလိုက်တဲ့အခါမှသာ မြေနိမ့်ဒေသက နေရပ်ရွှေ့ပြောင်းဒုက္ခသည်စခန်းတွေမှာ ညှိုးငယ်နေရတဲ့အစား တောင်ကုန်းဒေသက သူတို့ရဲ့အိမ်ဆီ ပြန်နိုင်မှာ ဖြစ်ပါတယ်။ တရုတ်သံအမတ် မြစ်ကြီးနားကို အလည်အပတ်ရောက်ရှိစဉ်က ရေကာတာတည်ဆောက်ရေးကို ပံ့ပိုးမလား ဒါမှမဟုတ် နေရပ်ရွှေ့ပြောင်းဒုက္ခသည်တွေရဲ့ ဘေးကင်းတဲ့ အိမ်ပြန်ခရီးအတွက် အကူအညီတွေကို အဆုံးအရှုံးခံမလား ဆိုပြီး ကချင် ခရစ်ယာန်ခေါင်းဆောင်တွေကို ရွေးချယ်ခိုင်းတဲ့ နိမိတ်မကောင်းတဲ့ ရွေးချယ်မှုကိုလည်း ဖယ်ရှားပစ်နိုင်ပါလိမ့်မယ်။

မြစ်ဆုံ ရေကာတာကို ၂၀၁၁ ခုနှစ်မှာ ပြည်သူတွေရဲ့ ပြင်းပြင်းထန်ထန်ဖိအားပေးမှုကြောင့် ရပ်ဆိုင်းခဲ့ရတယ်။ ကျွန်မတို့ဖိအားဆက်ပေးပြီး 'နိုး'လို့ အားလုံးလေသံတစ်ညီတည်းပြောဖို့ လိုအပ်ပါတယ်။ တရုတ်လျှပ်စစ်ဓာတ်အား ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်းလို ပြန်ဆပ်ဖို့ ပြည်သူ့ရန်ပုံငွေရှာဖွေရေး စည်းရုံးလှုံ့ဆော်ရေးပွဲကို စတင်ဆောင်ရွက်ခြင်းဟာ ကျွန်မတို့ချစ်မြတ်နိုးတဲ့ ဧရာဝတီကို ပြန်လည်ရယူဖို့သာမက ကျွန်မတို့ရဲ့ ဂုဏ်သိက္ခာနဲ့ အချုပ်အခြာအာဏာကို ပြန်အဖတ်ဆယ်ဖို့ နည်းလမ်းကောင်းတစ်ခုပဲ ဖြစ်ပါတယ်။ ■

Translation by C

# တစ်သျှူးငှက်ပျောတင် ကားကြီးများကြောင့်

## ငှက်ပျောခြံများအလယ် ရောက်နေသည့် ယာခင်းပိုင်ရှင်များ ဖြတ်သန်းသွားလာရန် အခက်အခဲဖြစ်နေ

ဧပြီ ၂၆

ဝိုင်းမော်မြို့နယ်အတွင်းမှ ကျေးရွာအချို့တွင် တောင်ယာသွားလမ်းများနှင့် ယာတောဝန်းကျင်များ၌ တရုတ်နိုင်ငံမှ ဝင်ရောက်လာသော တစ်သျှူးငှက်ပျောတင် ၂၂ ဘီး တွဲကားကြီးများ ဖြတ်သွားဖြတ်လာ ပိတ်ဆို့ခြင်းကြောင့် တောင်သူများ တောင်ယာအသွားအပြန် အခက်အခဲဖြစ်ကာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် နှောင့်နှေးနေရကြောင်း ဒိန်ဂျာယန်ကျေးရွာမှ ဦးဇီးတားက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ ကားကြီးများ တောင်ယာလမ်းတွင် ဖြတ်သန်း သွားလာနေသည်မှာ ရက်သတ္တပတ်ကျော် ကြာနေပြီဖြစ်ကာ နေ့စဉ် ဆယ်နှင့်ချီသော ကားများ ပိတ်ဆို့၍ တိမ်းရှောင်နေရခြင်းကြောင့် တောင်သူများအဖို့ တောင်ယာတဲ ဆောက်လုပ်ရန်နှင့် ယာခင်းမီးရှို့ကာ ပြောင်း၊ နှမ်း များ စိုက်ပျိုးရန် အချိန်နောက်ကျနေရသည်ဟု ဆိုသည်။

"ကျွန်တော်တို့ခြံက ငှက်ပျောခင်းအလယ်မှာ ရောက်နေတာ ဟုတ်တယ်။ အခု သူတို့ ငှက်ပျောကားတွေ ကြပ်နေတယ်။ လမ်းလွှဲလုပ်ပေးရင်လည်းရတာကို မလုပ်ကြဘူး။ ဆိုင်ကယ်လည်း သွားလို့မရဘူး။ ခြံစည်းရိုးတွေလည်း ဖျက်ပေးလိုက်တယ်။ ပလတ်စတစ်တွေ အမှိုက်တွေလည်း ကျွန်တော့်ခြံထဲကို ပစ်ထည့်ပေးကြတယ်"ဟု ဦးဇီးတားက ပြောသည်။

ယင်း တောင်သူများက တစ်သျှူးငှက်ပျောကားကြီးများ လမ်းဖယ်ပေးရန် အတွက် ဒိန်ဂျာယန်အုပ်ချုပ်ရေးမှူးထံ သွားရောက် အကူအညီ တောင်းခံခြင်းကြောင့် အုပ်ချုပ်ရေးမှူးက ကုမ္ပဏီသို့ သွားရောက်အကြောင်းကြားခဲ့သော်လည်း လမ်းဖယ်ပေးခြင်း မရှိဘဲ ဆက်လက် သွားလာနေကြကြောင်း သိရသည်။

ငှက်ပျောခြံ ပိုင်ရှင်များသည် လမ်းဖောက်လုပ်ခြင်း မရှိဘဲ တောင်သူများသွားလာနေသည့် လမ်းများကို အသုံးပြုနေကြသဖြင့် တောင်သူများ ဖြတ်သန်းသွားလာသည့်အခါ ခြံအတွင်းမှလမ်းပြင်ထွက်နေသည့် ငှက်ပျောခိုင်များကို ရှောင်ကွင်း သွားလာနေကြရကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ တောင်ယာသွားတဲ့လမ်း ဆိုတော့ လမ်းက ကျဉ်းတယ်။ ငှက်ပျောသီး သီးချိန်မှာလည်း ငှက်ပျောခိုင်တွေကို ရှောင်သွားရတယ်။ အခု ငှက်ပျောခုတ်တဲ့ ရာသီရောက်တော့ ကားကြီးတွေပြန်ပိတ်နေပြန်တယ်။ ကျွန်တော်တို့အရမ်း ခက်ခဲနေတယ်။ ကူညီပေးကြပါ"ဟု ဦးဇီးတားက ပြောသည်။

ဒေသခံတောင်သူ အများစုက တရုတ်ကုမ္ပဏီများ ဝင်ရောက်လာချိန်တွင် စိုက်ပျိုးမြေများကို ရောင်း/ငှား လိုက်ကြသဖြင့် ဦးဇီးတား၏ ခြံသည် တရုတ်တစ်သျှူးငှက်ပျောစိုက်ခင်း၏ အလယ်၌ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ပြဿနာများ ကြုံတွေ့နေရခြင်းဖြစ်ကြောင်း သိရသည်။


ယင်းကိစ္စနှင့် ပတ်သက်၍ ဒိန်ဂျာယန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနော်ဆန်က သက်ဆိုင်သည့် ကုမ္ပဏီသို့ သွားရောက် ပြောကြားထားသည်ဟု ဆိုသည်။

ဒိန်ဂျာယန်ကျေးရွာ အနီး ဝင်ရောက်လုပ်ကိုင်နေသည့် တရုတ်တစ်သျှူးငှက်ပျောစိုက်ခင်း ကုမ္ပဏီမှာ ထိန်မင်းကုမ္ပဏီ လုပ်ကွက် (၂)ဟု တောင်သူတို့၏ ပြောကြားချက်အရ ထိုကုမ္ပဏီသို့ ဆက်သွယ်မေးမြန်းရာ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဌေးက "ကျွန်တော်တို့ ကုမ္ပဏီလုပ်ကွက်က ဒိန်ဂျာယန်ကျေးရွာဘက်မှာ မရှိဘူး။ ဝါရှောင်လမ်းခွဲနားမှာ ဧကတစ်ရာလောက်ပဲ ရှိတယ်။ ကားတောင် အများကြီး မသွားဘူး။ အဲဒီမှာ လမ်းကြပ်ရင်ပြောပါ" ဟု ပြောသည်။

ဝိုင်းမော်မြို့နယ်မှ ထွက်သည့် ဖရဲသီးနှင့် ငှက်ပျောများကို ၂၂ ဘီးတွဲကားကြီးများမှ တရုတ်ယာဉ်လိုင်စင်နံပါတ်ပြား အဝါရောင်ပေါ်တွင် စာရွက်ဖြူဖြင့် ဖုံးကာ ထို စာရွက်ဖြူများပေါ်တွင် AHM-….,ASK- …. သကဲ့သို့ အင်္ဂလိပ်စာလုံးများနှင့် နံပါတ်လေးလုံး ရေးထားပြီး ထိုကဲ့သို့ အမှတ်သင်္ကေတမျိုးစုံဖြင့် ကားအစီးရေ ရာနှင့်ချီကာ နေ့စဉ် ဖြတ်သန်းသွားလာလျက် ရှိသည်။ ■

မွန်းမွန်းပန်




facebook.com/myitkyinanewsjournal.mm
Youtube - myitkyinanewsjournal

# နွေရာသီတွင်

## ဂရုစိုက်သင့်သည့်အချက်များ



ကမ္ဘာတစ်ဝှမ်းလုံးတွင် အပူချိန်မြင့်တက်လာမှုသည် လွန်ခဲ့သည့် ဆယ်စုနှစ်နှင့်ယှဉ်လျှင် သိသိသာသာ ပြောင်းလဲခဲ့လေသည်။ မြန်မာနိုင်ငံ၏ အပူချိန်သည် ယခင်နှစ်များထက်သာလွန်၍ အပူချိန် ၄၀ နှင့်အထက်တွင် ရှိနေလေသည်။ နေ့အပူချိန် မြင့်မားလာခြင်းကြောင့် ချွေးထွက်လွန်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်းနှင့် အခြားသော အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေများစွာ ဖြစ်ပေါ်တတ်လေသည်။

ထို့အပြင် ကမ္ဘာတစ်ဝှမ်းလုံးတွင် နှစ်စဉ်လူဦးရေ သုံးထောင်ခန့် အပူရှပ်ဖျားနာ၍ အသက်ဆုံးရှုံးကြရသည်။ ထို့ကြောင့် အပူချိန်မြင့်မားသည့်နွေရာသီတွင် လူကြီးဖြစ်စေ၊ ကလေးဖြစ်စေ အနေအထိုင် အစားအသောက် ဂရုစိုက်သင့်ပေသည်။ ပူပြင်းသည့်ရာသီတွင် မဖြစ်သင့်သည်များ မဖြစ်ပေါ်စေရန်အတွက် ဂရုပြုသင့်သည့် အချက်များကို မျှဝေပေးလိုက်ပါသည်။

(၁) အပူချိန်မြင့်သည့် နွေရာသီတွင် အစားအစာများသည် ပုပ်သိုးပျက်စီးလွယ်တတ်သည်။ ပုပ်သိုးနေသည့် အစားအစာများကို စားသုံးမိလျှင် ဗိုက်အောင့်ခြင်း၊ ဗိုက်နာခြင်း၊ အော့အန်ခြင်းများ ဖြစ်စေသည့်အတွက် ဟင်းကျန်ထမင်းကျန်များကို သတိမူ၍ စားသုံးသင့်ပေသည်။

(၂) အပြင်သွားသည့်အချိန်များတွင် နေရောင်ဒဏ်မှ ကာကွယ်ရန်အတွက် ဦးထုပ်နှင့် အကျီလက်ရှည်များ ဝတ်ဆင်သွားသင့်သည်။ အကျီဝတ်ဆင်ရာတွင် ပေါ့ပေါ့ပါးပါးနှင့် အရောင်ဖျော့ဖျော့အကျီများကို ရွေးချယ်ဝတ်ဆင်သင့်သည်။

(၃) အလုပ်အတွက်ဖြစ်စေ၊ အကြောင်းအရာတစ်ခုခုအတွက်ဖြစ်စေ အပြင်မှပြန်လာတိုင်း အဲကွန်းခန်းထဲသို့ တိုက်ရိုက်ဝင်ခြင်း၊ ရေချိုးခြင်းများကို လုံးဝရှောင်ရှားသင့်ပေသည်။

(၄) ပူပြင်းသည့် အချိန်တွင် လူ့ခန္ဓာကိုယ်အတွင်းရှိ ရေဓာတ်မြောက်များစွာ ကုန်ဆုံးရသောကြောင့် ဓာတ်ဆားရေ (သို့မဟုတ်) ရေများများ သောက်သုံးပေးသင့်သည်။

(၅) အလွန်ပူပြင်းသည့်အချိန်တွင် ပြင်းထန်သည့် ကိုယ်လက်လှုပ်ရှားမှုကို ရှောင်ရှားသင့်သည်။

(၆) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့ခင်းဘက်တွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသည့်နေရာများတွင် နားနေသင့်သည်။

ပူပြင်းသည့် နွေရာသီအချိန်အခါတွင် သတိမမူ ပေါ့ပေါ့ဆဆ နေမိသည့်အတွက်ကြောင့် မိမိတို့၏ ကျန်းမာရေးကို ထိခိုက်စေသည်သာမက မိမိတို့၏ အသက်အန္တရာယ်ကိုပါ ထိခိုက်လာနိုင်လေသည်။ ထို့ကြောင့် လူကြီးဖြစ်စေ၊ ကလေးဖြစ်စေ ပူပြင်းသည့် ယခုလိုအချိန်များတွင် ဂရုစိုက်၍ သွားလာလှုပ်ရှားသင့်ပေသည်။ ■

ဆိုင်းတူး

အင်တာနက်မှ ကိုးကားထားသည်

# မူးယစ်ဆေး စွဲနေသည့် ဝေဒနာရှင်များကို လူဆိုးလူမိုက်အဖြစ် မသတ်မှတ်သင့်



ဧပြီ၂၄

"မူးယစ်ဆေးဝါး စွဲလန်းခြင်းပြဿနာနှင့် ပတ်သက်၍ ဆွေးနွေးကြပါစို့" ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်သော အသိပညာပေးဟောပြောမှု မြှင့်တင်ရေးဆွေးနွေးသည့် အခမ်းအနားကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ရွှေပြည်စံခန်းမတွင် ဧပြီလ ၂၄ ရက်နေ့က ပြုလုပ်ခဲ့သည်။

528 love- မူးယစ်ဆေးနှင့် မိသားစု၏ အစီအစဉ်များထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အဆိုပါဆွေးနွေးပွဲကို အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ (USAID) အဖွဲ့အစည်း၊ မေတ္တာ ဖောင်ဒေးရှင်း၊ ASIANHARM REDUCTION NETWORK (AHRN), MAM စသော အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၎င်းတွင် အဓိကပါဝင်ဆွေးနွေးသူများအဖြစ် အမေရိကန်အဆိုတော် Belinda Carlisle၊ အဆိုတော်အမွန်း၊ အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီမှ ကျန်းမာရေးကဏ္ဍအကြံပေး ရောဘတ်ကယ်လီနှင့် အတူ မေတ္တာဖောင်ဒေးရှင်းမှ ကိုစည်သူမင်းသန်းတို့က မူးယစ်ဆေးဝါးစွဲလန်းခြင်းနှင့် ပတ်သက်ပြီး ၎င်းတို့၏ ကိုယ်တိုင်ဖြတ်ကျော်ခဲ့ရသော အတွေ့အကြုံများ၊ ပတ်ဝန်းကျင်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးအန္တရာယ်များကို တစ်ဦးချင်း ဝေမျှဆွေးနွေးခဲ့ကြသည်။

မူးယစ်ဆေးဝါးသည် စွဲလန်းစေသည့် ရောဂါရတစ်မျိုးဖြစ်ပြီး ကုသလျှင်ပျောက်ကင်းနိုင်ကြောင်း၊ မူးယစ်သုံးစွဲနေသူများကို ပတ်ဝန်းကျင်မှ လူဆိုး၊ လူမိုက်များအဖြစ် မသတ်မှတ်သင့်ကြောင်းနှင့် ၎င်းတို့ကို မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ လွတ်မြောက်အောင် ကယ်တင်ရန်အတွက် မိသားစုအသိုင်းအဝိုင်းများက ချစ်ခြင်းမေတ္တာများဖြင့် ကူညီအားပေးမှုများ ပြုလုပ်ပေးရန် လိုအပ်ကြောင်းနှင့် မူးယစ်ဆေးနှင့် ကျန်းမာရေး အကြောင်းအရာများကို သိရှိလိုသူများသည် 528 Love- မူးယစ်ဆေးနှင့် မိသားစု facebook Page မှတစ်ဆင့် သတင်းအချက်အလက်များ စုံစမ်းသိရှိနိုင်ကြောင်း နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီက ကျန်းမာရေးကဏ္ဍအကြံပေး ရောဘတ်ကယ်လီက ယင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

"မူးယစ်ဆေးသုံးစွဲတဲ့သူတွေဟာ သီးသန့်ဆန်တယ်။ မိသားစုနဲ့ ကွဲထွက်သွားသလို ခံစားရနိုင်တယ်။ မူးယစ်ဆေးသုံးစွဲနေတဲ့သူ ရှိတဲ့ မိသားစုဟာ သုံးစွဲနေတဲ့သူကို နားလည်ပေးဖို့၊ တကယ်ပဲ သူ့ကိုစာနာနိုင်ဖို့နဲ့ ကူညီပေးနိုင်ဖို့ အရမ်းအရေးကြီးပါတယ်။ ၅၂၈ ချစ်ခြင်းမေတ္တာဆိုတဲ့ ဖေ့စဘွတ်စ်ပေ့စ်မှာလည်း ရှိပါတယ်။ အဲ့ဒီထဲမှာဆိုရင် ပိုပြီးမှ မူးယစ်ဆေးဝါးစွဲခြင်းနဲ့ ပတ်သက်တာတွေ။ ကုသပုံနည်းတွေကို ပိုပြီးမှ သိနိုင်ပါတယ်။ တကယ်တော့ မူးယစ်သုံးစွဲသူတွေဟာ အခြားသူတွေအတွက် အန္တရာယ်ရှိတဲ့သူ မဟုတ်ပါဘူး။ ချစ်ခြင်းမေတ္တာနဲ့ ကုသပေးရမယ်" ဟု ရောဘတ်ကယ်လီက ပြောခဲ့သည်။

မူးယစ်ဆေးဝါး စွဲလန်းခြင်းပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသူများကို ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ပစ်ပယ်ထားခြင်းများ မပြုလုပ်သင့်ကြောင်း၊ ၎င်းတို့ကို ပိုမိုကောင်းမွန်၍ တန်ဖိုးရှိသည့်ဘဝကို ရရှိစေရန် ချစ်ခြင်းမေတ္တာဖြင့် လက်တွဲခေါ်ယူခြင်းပေးခြင်းမှာ အရေးကြီးကြောင်းနှင့် မူးယစ်ဆေးစွဲသူများအနေဖြင့် တန်ဖိုးရှိသည့်ဘဝနှင့် ရှေ့ဆက်လိုသော စိတ်များဖြင့် ပြန်လည်ထူထောင်ရေး စခန်းများသို့ ရှက်၊ ကြောက်ခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့ လာရောက်ကုသစေလိုကြောင်း နိုင်ကျော်တေးသံရှင်အမွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"မူးယစ်ဆေးရဲ့ သားကောင်ဘဝကို ရောက်သွားပြီးတော့ ပြန်လှည့်လာဖို့အတွက်ကို ရှက်ကြောက်နေတဲ့ သူတွေကို ဒီကနေပြီးတော့ မရှက်စေချင်ဘူး။ မကြောက်စေချင်ဘူး။ ရဲရဲဝံ့ဝံ့နဲ့ ထွက်လာစေချင်တယ်။ ငါပျောက်ချင်တယ်။ ကောင်းချင်တယ်ဆိုတဲ့ စိတ်နဲ့ပေါ့လေ။ ကူညီလက်ကမ်းနေတဲ့ Center တွေ အများကြီးရှိပါတယ်။ အမွန်းအနေနဲ့လည်း ဒီ 528 Love campaign နဲ့ ဆက်လက်လက်တွဲပါဝင်သွားဖို့ ရှိပါတယ်။ အမွန်းအနေနဲ့ လက်ကမ်းပြီးတော့ မေတ္တာနဲ့ ကြိုနေဖို့အတွက်ပေါ့နော် တစ်ထောင့်တစ်နေရာကနေ ကူညီဖို့အတွက် အဆင်သင့်ပါပဲလို့ ပြောချင်ပါတယ်"ဟု အမွန်းက ပြောသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးသုံးစွဲမှုပြဿနာမှာ မြင့်မားလျက်ရှိနေပြီး ယင်းသုံးစွဲနေသူအများစုမှာ HIV/ AIDS ကူးစက်နိုင်ခြေ ပိုမိုရှိနိုင်ကြောင်း တွေ့ရှိရကြောင်းနှင့် HIV/ AIDS လျှော့ချဖို့ရေးအတွက် (USAISA) မှ နိုင်ငံတကာဘတ်ဂျက် ဒေါ်လာ(၁၆)သန်းကို သုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် အစိုးရနှင့်လည်း အတူပူးပေါင်း၍ ပိုမိုထိရောက်သည့် နည်းလမ်းများဖြင့် မူးယစ်ဆေးဝါးအန္တရာယ် လျှော့ချအောင် ဆောင်ရွက်သွားရန် အစီအစဉ်များရှိကြောင်း USAID မှ Mission Director Teresa McGhie က Media များကို ဖြေကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို မူးယစ်ဆေးဝါး အကြောင်းနှင့် ပတ်သက်ပြီး အသိပညာပေးလိုခြင်းနှင့် HIV/AIDS ကူးစက်မှု/သေဆုံးမှု နှုန်းကျဆင်းစေရန် အစရှိသော ရည်ရွယ်ချက်များဖြင့်ပြုလုပ်ခြင်းဖြစ်ကြောင်း Chief of Party, USAID HIV/AIDS Flagship(UHF) Project မှ ဒေါက်တာ ယဉ်မင်းသောင်းက ပြောသည်။

၎င်းဆွေးနွေးပွဲကို ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် ပြုလုပ်ပြီးစီးခဲ့ပြီး မြစ်ကြီးနားမြို့၌ ပထမဦးဆုံးအကြိမ် လာရောက်ပြုလုပ်ခြင်းဖြစ်သည်။ ■

Benadeth






ဂျပန်နိုင်ငံတွင် ချန်ပီယံဆုရရှိခဲ့ကြသည့် ကချင်လူငယ် ၃ဦးအားတွေ့ရစဉ်

## နိုင်ငံတကာ ကရာတေးပြိုင်ပွဲတွင်

# ချန်ပီယံဆုရှင် ကချင် ကစားသမား ၃ ဦး

## ကမ္ဘာ့အဆင့်ပြိုင်ပွဲကို တက်လှမ်းခွင့်ရ

ဧပြီ ၂၅

ဂျပန်နိုင်ငံတွင် ကျင်းပသည့်နိုင်ငံတကာကရာတေးပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိခဲ့သည့် ကချင်ပြည်နယ်မှ ကစားသမား ၃ ဦး ကမ္ဘာ့အဆင့်ပြိုင်ပွဲကို တက်လှမ်းခွင့်ရခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဧပြီ ၂၀ နှင့် ၂၁ ရက်နေ့တို့တွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့ဒုတိယအဆင့်ရှိနိုင်ငံတကာ ချစ်ကြည်ရေး ကရာတေးပြိုင်ပွဲ (IKO FRIENDSHIP TOURNAMENT) တွင် မောင်ဂျာလ၊ မောင်ဆိုင်းလတ်အောင်၊မဆန်မိုင်နူးတို့ ၃ ဦး အနိုင်ရခဲ့ပြီးနောက် နောက်တစ်ဆင့် ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြခြင်း ဖြစ်သည်။

"အခုပြီးသွားတဲ့ပြိုင်ပွဲက ကျိုရှင်းကရာတေးမှာဆိုရင် ကမ္ဘာမှာ ဒုတိယအမြင့်ဆုံးပြိုင်ပွဲပါ။ ဒါကြောင့် ခု World championship မှာ ဝင်လို့ရသွားပြီ အဲ့ဒီပြိုင်ပွဲကို နိုဝင်ဘာမှာ လုပ်မှာပါ။ အခုက ကမ္ဘာ့အဆင့် ပြိုင်ခွင့်ရသွားတာပေါ့။ ဘောလုံးအသင်းလုံးပြောရမယ်ဆိုရင်တော့ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်သွားတဲ့ပုံစံပေါ့"ဟု ချန်ပီယံ ၃ဦး၏နည်းပြဖြစ်သူဦးယိန်းဘောမ်က ပြောသည်။

အဆိုပါ ကမ္ဘာ့အဆင့် ပြိုင်ပွဲသို့ ၃ ဦးလုံး ဝင်ခွင့်ရရှိခဲ့သော်လည်း ဂျာလတစ်ဦးသာ သွားရောက်ရန် သေချာနေပြီး ကျန် ၂ဦးမှာပညာရေး အခက်အခဲကြောင်း မဆုံးဖြတ်နိုင်သေးကြောင်း ဦးယိန်းဘောမ်က ပြောသည်။

"ကလေး နှစ်ယောက်ကတော့ သွားမယ်မသွားဘူးဆိုတာတော့ မသေချာသေးဘူး။ ဂျာလ ကတော့သေချာတယ် ဟိုကလေးတွေက တရုတ်ကျောင်းတက်တော့ သူတို့ကျောင်းက ခဏခဏ ပျက်လို့မရဘူး။ ကျောင်းခေါ်ချိန် မပြည့်ရင်သူတို့ကျောင်းက တစ်နှစ်နားရတယ်"ဟု ၎င်းက ရှင်းပြပြောဆိုသည်။

လာမည့် ကမ္ဘာ့အဆင့် ပြိုင်ပွဲတွင် ချန်ပီယံဆုကို ရယူသွားမည်ဖြစ်ပြီး မိမိအနေဖြင့် ကျိုရှင်းကရာတေး အားကစားကို တစ်သက်လုံး ကစားသွားလိုကြောင်း ချန်ပီယံဆုရှင် မောင်ဂျာလက ပြောသည်။

"ခုလို ချန်ပီယံ ဖြစ်ခွင့်ရတော့ အရမ်းဝမ်းသာတယ်။ နောက်ထပ်လာမယ့် ကမ္ဘာ့အဆင့် ပြိုင်ပွဲအတွက်လည်း အကောင်းဆုံး ကြိုးစားသွားပါ့မယ်။ ကျွန်တော် ကမ္ဘာ့ချန်ပီယံဖြစ်လာအောင် ကြိုးစားမယ် ကျိုရှင်းကရာတေးကို တစ်သက်လုံးကစားသွားမယ်။ နောက်ဆို ဆရာ့လိုနည်းပြကောင်းတစ်ယောက်လည်း ဖြစ်ချင်ပါတယ်"ဟု မောင်ဂျာလက ပြောသည်။

ချန်ပီယံဆုရှင် မဆန်မိုင်နူးကလည်း "ခုလို ပြိုင်ပွဲနိုင်တော့ ဘုရားသခင်ကိုလည်း ကျေးဇူးတင်တယ်။ သင်ပြပေးတဲ့ဆရာတွေကို ကျေးဇူးတင်ပါတယ်။ နောက်ထပ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရအောင်လည်း ကြိုးစားသွားပါမယ်" ဟု မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် ကချင်ပြည်နယ်မှ ၅ ဦး၊ ရန်ကုန်တိုင်းမှ ၂ ဦး စုစုပေါင်း ၇ ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ကြရာ ၃ ဦး ချန်ပီယံဆုကို ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ကချင်ပြည်နယ်မှ ၅ ဦး အနက် ၂ ဦးမှာ စစ်ရှောင်စခန်းတွင် နေထိုင်သည့် ကစားသစားများ ဖြစ်ပြီး ယင်း ၂ ဦးအနက် တစ်ဦးက ချန်ပီယံဆုကို ရရှိခဲ့ကြောင်း ကချင်ပြည်နယ် ကျိုရှင်းကရာတေး ကော်မတီဥက္ကဋ္ဌ ဒေါ်နန်ပရီက ပြောသည်။

နိုဝင်ဘာလတွင် ကျင်းပမည့် ကမ္ဘာ့အဆင့်ပြိုင်ပွဲမတိုင်မီ တိုင်းနှင့်ပြည်နယ်နှင့် တရုတ်နိုင်ငံတွင် ပြုလုပ်မည့် အရှေ့တောင်အာရှအဆင့်များကိုလည်း ကစားသမားသစ်များဖြင့် ထပ်မံသွားရောက် ယှဉ်ပြိုင်ကာ ချန်ပီယံသစ်များကို ဆက်လက် မွေးထုတ်သွားမည်ဟုလည်း နည်းပြ ဦးယိန်းဘောမ်က ပြောသည်။

"ဒီကလေး ၃ ယောက်ကိုတော့ ပြည်နယ်နဲ့တိုင်းမှာလည်း မပြိုင်ခိုင်းဘူး။ အာရှပွဲမှာလည်း မပြိုင်ခိုင်းဘူး။ စစ်ရှောင်က ကလေး ၂ ယောက်ကို ပြိုင်ခိုင်းမယ်။ ရှန်ဟိုင်းမှာလုပ်မယ်၊ ဇူလိုင်လမှာ လုပ်မယ်။ အဲ့ပွဲတွေမှာ ချန်ပီယံအသင်းတွေပြန်မွေးမယ် အဲ့ပွဲတွေကနေ"ဟု ၎င်းက ပြောသည်။

မောင်ဆိုင်းလတ်အောင်နှင့် မဆန်မိုင်နူးသည် အမွှာမောင်နှမဖြစ်ပြီး မောင်ဂျာလသည် မြစ်ကြီးနားမြို့ ဒူကထောင် စစ်ရှောင်စခန်းမှ စစ်ရှောင်တစ်ဦးလည်း ဖြစ်သည်။ ၎င်းတို့ ၃ ဦးလုံးသည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ ဇိုင်းဝန်ပေါင် ကျိုရှင်း ကရာတေးကလပ်မှ ကစားသမားများလည်း ဖြစ်သည်။

၎င်းတို့ ၃ ဦးသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလက စင်ကာပူနိုင်ငံတွင် ပြုလုပ်သည့် နိုင်ငံ ၁၀ နိုင်ငံ ဖိတ်ခေါ် ကာရာတေးပြိုင်ပွဲတွင်လည်း ချန်ပီယံဆုရရှိခဲ့ကြဖူးသည်။ ■

Salai

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal



# ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အိမ်ထောင်ရှင်အလှမယ် တိတိ

ဧပြီ ၂၃

ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် Mrs Eco Tourism Universe Myanmar 2019 ပြိုင်ပွဲကြီး၌ မြစ်ကြီးနားမြို့ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အိမ်ထောင်ရှင် အလှမယ် မြင့်ချို့ဝါဆွေ (တိတိ)(မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုလက်ထောက် ကြီးကြပ်ရေးမှူး) မှ Mrs Eco Tourism Universe Myanmar Winner ဆုကြီးကို ရရှိခဲ့၍ နိုင်ငံကိုယ်စားပြုအဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကိုGrandness Universe Myanmar Beauty Pagent company Limited မှ ဦးစီးပြီး ဇန်နဝါရီလ(၁၈)ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ကချင်ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် တိတိမှ Mrs Tourism Universe Myanmar 2019 Winner ဆုကြီးကို ရရှိခဲ့ခြင်း ဖြစ်သည်။

လက်ရှိ လုပ်ကိုင်နေသော ဝန်ထမ်းအလုပ်အကိုင်၊ အိမ်မှုကိစ္စရပ်များကတစ်ဖက်နှင့် ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ သူမအနေဖြင့် ၎င်းတွင် Winner ဆုကြီးအပြင် Title ဆုများအဖြစ် The best catwalk, The best oppening dance, The best presentation award တို့ကို ရရှိခဲ့၍ နိုင်ငံကိုယ်စားပြုအဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ ဆက်လက်ယှဉ်ပြိုင်ရန် အတွက် ရွေးချယ်ခံရသောကြောင့် ဝမ်းသာမိကြောင်း အိမ်ထောင်ရှင်အလှမယ် တိတိက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဝန်ထမ်းအလုပ် တစ်ဖက်နဲ့ဆိုတော့ ဝင်ပြိုင်ဖို့ အချိန်လည်း သိပ်မရခဲ့ဘူး။ ဒါပေမဲ့ ဝန်ထမ်းတွေကို နားလည်ပေးတယ်ဆိုတော့ ဒီပြိုင်ပွဲက ဘယ်လို အကျိုးကျေးဇူးတွေများ ရှိမလဲဆိုပြီး အလုပ်တစ်ဖက်နဲ့ ဝင်ပြိုင်ရင်းနဲ့ Winner ဆုကို ရခဲ့ပါတယ်။ အဲ့ဒီအတွက်လည်း အရမ်းဝမ်းသာတယ်။ အခုနိုင်ငံကိုယ်စားပြု ဖြစ်ခွင့်ရခဲ့တယ်"ဟု တိတိက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် ယင်းပြိုင်ပွဲကြီးတွင် နိုင်ငံပေါင်း လေးဆယ်ကျော်ဝန်းကျင်မှ အိမ်ထောင်ရှင်အလှမယ်များ လာရောက်ယှဉ်ပြိုင်မည် ဖြစ်သောကြောင့် အင်္ဂလိပ်စာ စွမ်းရည်၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ အလှအပရေးရာ အစရှိသည်တို့ကို ကြိုးစားပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်းနှင့် ကချင်ပြည်နယ်အတွက်သာမက နိုင်ငံအတွက်ပါ တစ်ထောင့်တစ်နေရာမှ အကူအညီဖြစ်အောင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အမေး/အဖြေ ဆိုရင်လည်း အင်္ဂလိပ်လိုဖြေရမယ်၊ စကားပြန်ကလည်း မရှိဘူးဆိုတော့ အချိန်ပေးရင် ပေးသလို လေ့လာနေပါတယ်။ Body ပိုင်း ဆိုရင်တော့ ညနေပိုင်းတွေမှာ Gym ဆော့ဖြစ်ပါတယ်။ အသားအရေပိုင်းဆိုလည်း နေပူတွေရှောင်တယ်။ ကောင်းတဲ့ အလှကုန်ပစ္စည်းတွေ သုံးပေးဖြစ်တယ်။ အိမ်မှုကိစ္စလည်း မလစ်ဟင်းချင်ဘူး။ မယားဝတ္တရား/မိခင်ဝတ္တရားလည်း မပျက်ကွက်ချင်ဘူး။ ကိုယ်ကိုယ်တိုင် နိုင်နင်းအောင်လုပ်တယ်။ တစ်ဖက်တစ်လမ်း ဝင်ငွေရအောင်လည်း ဆေးကုတယ်။ တစ်နေ့တာ အချိန်ဇယားသေချာလုပ်ဖြစ်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ဝန်ထမ်းတစ်ဦးအနေဖြင့် နိုင်ငံရပ်ခြားသို့ ကူးသန်းသွားလာရန် နိုင်ငံကူးလက်မှတ်အနီရောင် ကိုင်ဆောင်ခွင့်မရှိသောကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနထံ ခွင့်ပြုချက် တောင်းယူခြင်းများအတွက် အချိန်ကြန့်ကြာမည်ကို သူမအနေဖြင့် စိုးရိမ်နေကြောင်းနှင့် ယင်းအခက်အခဲများကိုလည်း အကောင်းဆုံး ကြိုးစားဆောင်ရွက်၍ နိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

Organization မှ Mrs Eco Tourism Universe Myanmar2019 အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် ပထမဦးဆုံးအကြိမ် စေလွှတ်ခြင်းဖြစ်ပြီး Grand Final ပြိုင်ပွဲကြီးကို လာမည့် အောက်တိုဘာလ၌ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ■

Benadeth


PYINNYA MOE PNM EDUCATION CENTRE

ပညာမိုး အဆင့်မြင့် ကိုယ်ပိုင်သင်တန်းနှင့်ဘော်ဒါ

၅ တန်းမှ ၁၀ တန်းအထိ

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင်

ဧပြီလ (၂၈) ရက်နေ့ စတင်သင်ကြားပြီ

ဂီတ ကို ချစ်မြတ်နိုးခံစားတတ်လာပြီး စိတ်နလုံးနူးညံ့သိမ်မွေ့ယဉ်ကျေးလာစေဖို့ အခြေခံ Music ဂီတသင်တန်း

နည်းပညာခေတ်မှာ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ကွန်ပျူတာသင်တန်း

ကိုယ်၊ စိတ်၊ နလုံးကျန်းမာဖို့ ဘောလုံးအားကစားအခြေခံပညာတို့ကို သင်ကြားလေ့ကျင့်ပေးသွားပြီး

အင်္ဂလိပ်ဘာသာစွမ်းဆောင်ရည်မြင့်အောင် အင်္ဂလိပ်သီချင်းများ နားထောင်စေပြီး Listening သင်ကြားပေးခြင်း

Speaking မှန်မှန်ကန်ကန် စနစ်တကျ ကောင်းမွန်စွာ ပြောဆိုနိုင်အောင်သီးသန့်သင်ကြားချိန်ထား၍ သင်ကြားလေ့ကျင့်ပေးခြင်း၊

အသက်ငယ်စဉ်မှ စာဖတ်ဝါသနာပါစေဖို့ပညာမိုးစာကြည့်တိုက်တွင် Reading Class ထားရှိပေးခြင်း၊

Essay writing , Letter writing , Creative writing စတဲ့ စာရေးနည်းတွေကို ကလေးတွေကိုယ်တိုင်အမှန်တကယ် စနစ်တကျရေးတတ်ဖို့ သင်ကြားပေးပြီး အလွတ်ကျက်ပညာရေးစနစ် မဟုတ်ပဲ သင်ရိုးနှင့်အညီ လက်တွေ့ကို အခြေခံတဲ့ သင်ကြားရေးစနစ်နဲ့ သင်ကြားပေးသွားပါမည်၊

၂၀၁၉-၂၀၂၀ ပညာင်နှစ်အတွက် ဖွင့်လှစ်သင်ကြားမည့် တန်းခွဲများ

၁၊ ၉တန်း အထူးတန်းခွဲ (ကန့်သတ်ဦးရေ (၂၀)ဦးသာ)
၂၊ ၁၀တန်း ရှယ်ပိုင်း (ကန့်သတ်ဦးရေ (၁၅)ဦးသာ)
၃၊ ၁၀တန်း အထူးတ်းခွဲ (ကန့်သတ်ဦးရေ (၄၀)ဦးသာ)
၄၊ ၁၀တန်း နှစ်ကျတန်းခွဲ (ကန့်သတ်ဦးရေ (၃၀) ဦးသာ)
၅၊ ၈တန်းအထူးတန်းခွဲ (ကန့်သတ်ဦးရေ (၂၀) ဦးသာ)

(၅) တန်းမှ (၈) တန်းအထိ

ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် Laptop ကွန်ပျူတာ တစ်လုံးစီဖြင့် ကွန်ပျူတာပညာအခြေခံမှစ၍တတ်ကျွမ်း သည်အထိ သင်ကြားပေးမည်၊ သင်ကြားမှု အတွေ့အကြုံ ရင့်ကျက်သည့် ဆရာကြီး၊ ဆရာမကြီးများဖြင့် ညံ့သောသူကို တော်စေ၍ တော်သောသူကို ထူးချွန်အောင် သင်ကြားလေ့ကျင့်ပေးမည်၊

(၁၀) တန်း ရှယ်ပိုင်း

တန်းခွဲ (၂) စတင်လက်ခံနေပြီ၊

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အစိုးရကျောင်း နှစ်သက်ရာ တက်ရောက်သင်ကြားနိုင်သည်။

ဝန်ဆောင်မှုနှုန်းထားများ
➢ ၅ တန်း မှ ၈ တန်းအထိ - ၁၃ သိန်း
➢ ၉ တန်း - ၁၄ သိန်း
➢ ၁၀ တန်း - ၁၆ သိန်း


မောင်ဆိုင်းထွယ်အောင်(သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)


မဂျာဆိုင်းအောင် (မြန်မာ၊ဓာတု၊ဇီဝ)


မထက်ထက်ဝင်း (မြန်မာ၊သင်္ချာ၊ရူပ)


မဆိုင်းမိုင် (ဇီဝ)




မောင်လီတား (သင်္ချာ၊ရူပ)

တည်နေရာ - အမှတ်(၂၇)၊ရန်ကြီးအောင်(လင်းရောင်ခြည်ရပ်ကွက်)၊အထက(၈)ကျောင်းနှင့်ဆောက်လုပ်ရေးတိုက်တန်းကြားလမ်း၊မြစ်ကြီးနားမြို့။
ဖုန်း - ၀၉-၇၆၀၆၈၁၃၄၅၊ ၀၉-၄၁၁၃၁၅၄၉၊ ၀၉-၄၀၀၀၁၄၀၇၉၊ ၀၉-၇၇၅၀၀၈၇၈၁


SEVEN-ONE
BATTERY ဆိုင်ကယ်၊ Auto ဆိုင်ကယ်နှင့် အပိုပစ္စည်းအမျိုးမျိုး လက်လီ၊ လက်ကားရရှိနိုင်သည်။
အိမ်တိုင်ရာရောက် (လက်ခမဲ့) စိတ်တိုင်းကျပြုပြင်ပေးပါသည်။
SEVEN-ONE
တပ်ကုန်းအရှေ့မြောက်ရပ်ကွက်၊ ဂျပန်လမ်းမျက်စောင်းထိုး၊ ဆွမ်ပရာဘွမ်လမ်း၊
အိမ်အမှတ် (၁၁/A)၊ နယ်မြေ(၁)မြစ်ကြီးနားမြို့ ကချင်ပြည်နယ်။
ဖုန်း – 09450049707, 09771669702 Wechat : duanbikang7-1
BATTERY ဆိုင်ကယ် AUTO ဆိုင်ကယ်
လက်လီ / လက်ကား အမျိုးမျိုး
အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေပါသည်။


FORLAND ကိုအိုက်ဖိုး
ကားနှင့်ကားအပိုပစ္စည်းမျိုးစုံ ဖြန့်ဖြူးရောင်းချရေး
ကိုအိုက်ဖိုး
FORLAND
FORLAND
FOTON
လက်ငင်း၊ အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ပါသည်။
FORLAND
FOTON
အမှတ် (၅၃၄)မြေမြင့်ရပ်ကွက်၊ ရေတွင်းကွေ့ မြစ်ကြီးနားမြို့။၀၇၄ – ၂၅၂၆၅၂၁၊ ၀၉ –၇၆၇၆၉၃၆၇၇၊ ၀၉ – ၂၅၉၁၂၄၀၁၉
ဆိုင် (၁)၊ ဆင်ဘိုကုန်းရပ်ကွက်၊ မိုးညှင်းမြို့။၀၉ –၄၇၀၂၇၀၅၄၊ ၀၉ –၅၄၁၀၁၈၄၊ ၀၉ –၄၇၀၁၁၅၇၄
ဆိုင် (၂)၊ အမှတ် (၉၄)၊ ရပ်ကွက် (၂) ၊ ပမ္မတီ၊ မြစ်ကြီးနားမြို့။ ဖုန်း – ၀၉ ၄၇၀၀၅၇၂၈၊ ၀၉ ၂၅၉၁၂၄၀၁၉။


HAI + WAR
HOT POT & BBQ
အရသာ ၆ မျိုးရှိသော HOT POT ဟင်းရည်များကိုလူကြီးမင်းတို့စိတ်တိုင်းကျ
ရွေးချယ်သုံးဆောင်နိုင်ပါသည်။
HAI + WAR
HOT POT & BARBECUE
HAPPY HOUR တနင်္လာနေ့မှ သောကြာနေ့အထိ (နံနက် ၁၁ း၀၀ – ညနေ ၃း၀၀ နာရီ) အတွင်း
လူကြီး ၁ ဦး နှုန်း အ၀စား ၇၀၀၀ ကျပ် ၊ ကလေး 3' 6" အောက် (အခမဲ့)၊
ကလေး 3' 6"မှ 4' 6"ထိ ၃၀၀၀ ကျပ်
သန့်ရှင်းလတ်ဆတ်သော
အသား၊ငါး၊ဟင်းသီးဟင်းရွက်များကို
ဘူဖေးစနစ်ဖြင့်
တည်ခင်းထားပါသည်။
* ညနေ ၃း၀၀ နာရီ နောက်ပိုင်းတွင်ပုံမှန်ဈေးနှုန်း ၉၅၀၀ ကျပ် *
⇨ပင်လယ်စာ သီးသန့် Menu ရရှိနိုင်သည်။
⇨Hot Pot ချက်ပြုတ်၍လည်း ပါဆယ် ဝန်ဆောင်မှုပေးပါသည်။
* အသက် ၆၅ နှစ်အထက်ကို HAI +WAR မှဂါရ၀ပြုသည့်အနေဖြင့် Buffet Free ပေးသွားမှာဖြစ်ပါတယ် *
အမှတ် –(၁၄၀)၊ တပ်ကုန်း (အင်ဂျန်ဒုံရပ်ကွက်)၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၉ ၉၅၈၂၉၈၂၉၇၊ ၀၉ ၂၅၆၉၈၂၄၂၂ ၊ ၀၉၇၉၁၈၈၁၃၃၅ ၊ ၀၉ ၆၉၃၂၂၈၃၂၂


ခေတ်မီ RO, Ozone & UV System စက်ကြီးများဖြင့် ထုတ်လုပ်ထားသည့်
ဒါကာဘိုရာဇီ သဘာ၀စိမ့်စမ်း
သောက်ရေသန့်
FDA ထောက်ခံချက်အမှတ် စ၁/၁၉၁၆၀၆/ထလ
ယခင် Spring Water ဘူးသေးများအပြင် RO ရေသန့်ဘူးသေးများကို 0.33, 0.55, 1 Liter အစရှိသော ဘူးဒီဇိုင်းသစ်များဖြင့် ဈေးနှုန်းချိုသာစွာ ထပ်မံထုတ်လုပ် ထားပါသည်။
ရေသန့်ဘူးများကို ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ထိတွေ့မှု မရှိအောင် ဘူးအစွပ်များစွပ်၍ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးနေပါသည်။
ဘူးသစ်ဒီဇိုင်းသစ်နဲ့ RO ရေသန့်ဘူးသေးတွေရပြီနော်
အရေအတွက်ပေါ်မူတည်၍ FOC လည်းပေးနေပါပြီ။
R.O Water
Spring Water
စက်ရုံတည်နေရာ – အမှတ် (၁၆၈/၁)၊ ပလန (၁) ရပ်ကွက်၊ ပီတောက်မြိုင် ၊ ဆိုင်ခန်း – မြို့သစ်ရပ်ကွက် ၊ မင်းရဲကျော်စွာလမ်းနဲ့ တပင်ရွှေထီးလမ်းထောင့်၊ အင်ကြင်းလက်ဖက်ရည်ဆိုင်အနီး ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် ဖုန်း – ၀၉ – ၄၅၆၁၃၁၈၈၈၊ ၀၉ – ၄၅၆၁၃၁၇၇၇၊ ၀၉ –၄၅၅၈၇၁၇၇၇